# ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 12 February 2022 ၁၀၆၄၇


### လောကကို ထွန်းလင်းတောက်ပ

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ကျွန်တော်တို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မင်္ဂလာအခါသမယတွင် မိဘပြည်သူ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်မည်ဆိုလျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများအကြားတွင် စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သည့် ကာလများတွင်မူ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင်သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် ခါးသီးသော အတွေ့အကြုံကို ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။

သူ့ကျွန်ဘဝ၌ နယ်ချဲ့အုပ်စိုးသူတို့က ၎င်းတို့၏ စိုးမိုးခြယ်လှယ်မှုအခွန်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားသွေးချင်းတို့အကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု ပိုမိုလျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းပေးသင်ခန်းစာတစ်ရပ်ပင်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

❖ **မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA)ပါ သဘောတူညီချက်များအတိုင်း တတ်နိုင်သမျှ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်း**

**ယနေ့** ဖတ်စရာ

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

### ဉာဏ်ပညာဦးဆောင်သည့် ပင်လုံသတ္တိ

စာမျက်နှာ » ၆

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

စာမျက်နှာ » ၅

### အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ အစီရင်ခံစာများပါ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများ

စာမျက်နှာ » ၁၀

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၆

ကြားမှ

# စိန်ရတုပြည်ထောင်စုနေ့မှ ထာဝရငြိမ်းချမ်းရေးဆီသို့

ယနေ့သည် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဖြစ်သည်။ ထူးခြားလေးနက်မှုကိုဆောင်ကြဉ်းသည့် စိန်ရတုပြည်ထောင်စုနေ့တွင် တိုင်းရင်းသားပြည်သူများ လိုလားလျက်ရှိသော ထာဝရငြိမ်းချမ်းရေးရရှိလာစေရန်အတွက် နိုင်ငံတော်အစိုးရက စတင်ကြိုးပမ်းဖော်ဆောင်နေပြီဖြစ်၍ တိုင်းရင်းသားပြည်သူ အပေါင်းတို့က ငြိမ်းချမ်းရေးကို မျှော်လင့်နေကြပြီဖြစ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းသာယာဝပြောသောဘဝများတွင် စိတ်နှလုံးချမ်းမြေ့စွာ ရပ်တည်နေထိုင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးသည် မဖြစ်မနေဦးစားပေးဆောင်ရွက်ရမည့် အရေးကိစ္စဖြစ်သည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် အစဉ်နှလုံးသွင်းကြရမည်မှာ တိုင်းရင်းသားပြည်သူအားလုံး သွေးစည်းမှုကို အခိုင်အမာသက်သေထူနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး သွေးစည်းညီညွတ်မှုကြောင့် လွတ်လပ်ရေးအောင်ပန်းဆင်နိုင်ခဲ့သလို ဤကဲ့သို့ စည်းလုံးညီညွတ်မှုဖြင့်ပင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟူသည့် မူဝါဒချမှတ်ထားသည်။ ချမှတ်ထားသောမူဝါဒနှင့်အညီ ထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့မှစတင်၍ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးကို ဦးလည်မသုန်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ကျူးကျော်သူနယ်ချဲ့တို့ကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မြန်မာ့တပ်မတော်ကြီးနှင့်အတူ တိုင်းရင်းသားပြည်သူများ တညီတညွတ်တည်း လက်တွဲဝန်းရံ၍ တွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်တွန်းလှန်ပြီးသော်လည်း ပန်းတိုင်သို့မရောက်ရှိခဲ့ပါ။ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့သည့် ဆိုးမွေများကို ဖယ်ရှားနိုင်အောင် ဆက်လက်ကြိုးပမ်းကြရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ တစ်နိုင်ငံလုံးအနှံ့ တောင်ပေါ်၊ မြေပြန့်မကျန် တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ညီညွတ်မှုကို တည်ဆောက်ခဲ့ရပါသည်။

တိုင်းရင်းသားပြည်သူအားလုံး တစ်သွေးတည်း တစ်သားတည်းရှိနေကြောင်းကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြို့လေးဌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားကိုယ်စားလှယ်များ သက်သေထူပြနိုင်ခဲ့ပါသည်။ ထိုနေ့သည်မြန်မာ့လွတ်လပ်ရေး၏အမြေတေ၊ သမိုင်းဝင်ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ယခုအခါ သမိုင်းဝင်ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်မှာ (၇၅)နှစ်ပြည့်ခဲ့ပြီး စိန်ရတုပြည်ထောင်စုနေ့သို့ပင် ရောက်ရှိလာပြီဖြစ်သည်။

လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် သက်သေထူနိုင်ခဲ့သလို နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးအတွက်လည်း စည်းလုံးညီညွတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ငြိမ်းချမ်းရေးကို အလိုရှိပါက ဆန္ဒသည်သာ အဓိကဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏အကျိုးကို ရှေးရှု၍ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာကြရပါမည်။ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းဖြင့် မည်သည့်အခါမျှ အဖြေရှာမရနိုင်သည်ကို မငြိမ်းချမ်းသောအဖြစ်များက သက်သေပြနေပါသည်။

၂၀၂၂ ခုနှစ်သည် အရေးပါသည့်နှစ်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဧနခေါ်ရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် နိုင်ငံတော်၏အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနှင့်ပြည့်စုံဖို့ အရေးကြီးကြောင်း၊ ယခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားဖြင့် ပြောကြားထားသည်။ သို့ပါ၍ စိန်ရတုပြည်ထောင်စုနေ့မှစတင်ပြီး ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးကို ပိုင်းဝန်းလက်တွဲဖော်ဆောင်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့်အောက်တိုဘာလဆန်းတို့တွင် (၁)ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၅-၃-၂၀၂၂ ရက်နေ့မှ ၁၆-၃-၂၀၂၂ ရက်နေ့အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ - ၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၁,၉၀၃ | ၁၅,၆၀၄,၆၀၀ |
| MTSH | ၂,၉၅၀ | ၂,၀၅၀ | ၈၃၃ | ၂,၄၉၇,၄၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၅ | ၂၇၃,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၄၉ | ၁၂၇,၄၀၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| AMATA | ၅,၂၀၀ | ၅,၂၀၀ | ၂၀ | ၁၀၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၂၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၆၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၄.၃၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၄၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၀၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၈.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၂.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၆၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြားမှ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အင်ယယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖ၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖ၇-၃ဖ၁၂၈၊ ဖက်စ် ၀ဖ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

❖ **အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်**

❖ **တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့်ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္ဓိဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်**

* ရှေ့ဖုံးမှ

ဆုံးရှုံးခဲ့ရသည့် နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲကာ အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ မလျှော့သောဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်းကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းလုံးညီညွတ်မှုကိုရယူကာ ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် စည်းလုံးညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့်မြေပြန့် တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြရန် သန္ဓိဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ တိုင်းရင်းသားသွေးချင်းတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၅)နှစ် ပြည့်မြောက်ခဲ့ပြီး စိန်ရတုအခါသမယသို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့်မြေပြန့် ဒေသများ ညီညွတ်ပေါင်းစည်းပြီး မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်းတည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုကြီး အခွန်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမှိတ်မသုန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ကာလထိတိုင်အောင် အပြီးတိုင်မဖြေရှင်းနိုင်သေးခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသားညီနောင်များအားလုံး ကောင်းစွာသဘောပေါက် သိမြင်ကြပြီး ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်းမရှိသေးသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္ဓိဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဘုံသဘောတူညီချက်များရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ကြပြီး ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ရာ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူ့အားလုံးအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA)ပါ သဘောတူညီချက်များအတိုင်း တတ်နိုင်သမျှ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ မှန်ကန်လှသည့် ထာဝရအမှန်တရားပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားယုံကြည်မှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္ဓိဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝ၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကိုထိပါက မချိအောင်နာသည့်စိတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့်လူမျိုးတို့ကို ကာကွယ်ရန် ခက်ခဲတတ်ပါသည်။ ဤကိစ္စတွင် ပြည်ထောင်စုကြီး ပြိုကွဲခြင်းကို ရည်ရွယ်ကာ ကိုယ်ပိုင်ဆန္ဒ ပြုလုပ်ခွင့်ကို ကန့်သတ်ခြင်းမျိုး ပြုလုပ်ခဲ့ကြပါသည်။ ဤကဲ့သို့ ကြိုးပမ်းခဲ့ကြသော ပြည်ထောင်စုကြီး ပြိုကွဲခြင်းကို ကာကွယ်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြသော ကိုယ်ပိုင်ဆန္ဒ ပြုလုပ်ခွင့်ကို ကန့်သတ်ခြင်းမျိုးကို ကျွန်တော်တို့ ကန့်ကွက်ကြပါသည်။ ဒီကိုယ်ပိုင်ဆန္ဒ ပြုလုပ်ခွင့်ကို ကန့်ကွက်ခြင်းသည် ကိုယ်ပိုင်ဆန္ဒ ပြုလုပ်ခွင့်ကို ကန့်ကွက်ခြင်းမဟုတ်ပါ။ 

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) အမှုထမ်းများအရည်အချင်းမြှင့်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) အမှုထမ်းများ အရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး ရုံးအမှတ်(၄၁) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရရှိသူ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းဆုသာ၊ ဒုတိယဆုရရှိသူ ဒုတိယဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တတိယဆုရရှိသူအကြီးတန်းစာရေးဦးအောင်ကျော်စိုး တို့ကို ဂုဏ်ပြုဆုများ တစ်ဦးချင်းချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၃၁ ရက်မှစတင်၍ ရက်သတ္တာနှစ်ပတ်ကြာ လုပ်ငန်းခွင်မပျက် ပို့ချခဲ့ခြင်း ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သိပ္ပံလက်တွေ့ခန်းသုံး သင်ထောက်ကူပစ္စည်း ဖြည့်ဆည်းပေးမှုနှင့် ဘောလုံးကွင်းများ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဧရာဝတီရိုမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပညာရေးဝန်ကြီးဌာနက ဖြည့်ဆည်းပေးသည့် သိပ္ပံလက်တွေ့ခန်းသုံး သင်ထောက်ကူပစ္စည်းများ တပ်ဆင်သုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းများအတွက် အရည်အသွေးပြည့်မီသော သင်ထောက်ကူပစ္စည်းများ ဆက်လက်ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သိပ္ပံဘာသာရပ်များ စာတွေ့လက်တွေ့သင်ကြားရာတွင် အရည်အသွေးရှိသော သင်ထောက်ကူပစ္စည်းကို အသုံးပြုခြင်းဖြင့် ဘာသာရပ်ဆိုင်ရာသင်ခန်းစာများကို ပိုမိုနားလည်စေမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးသော သင်ထောက်ကူပစ္စည်းများကို တန်ဖိုးရှိစွာ အသုံးချသင်ကြားသင်ယူဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို လက်တွေ့ခန်းသုံးပစ္စည်းများ ကျွမ်းကျင်စွာအသုံးပြုတတ်အောင် စေတနာထား သင်ကြားပေးစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေး ဂရုစိုက်၍ ပညာကိုအမှန်တကယ်တတ်မြောက်ရန် ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကျောင်းအတွင်း ဘောလုံးကွင်းနှင့်ပွဲကြည့်စင် ပြုပြင်တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူနှင့် ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူနိုင်ရေးအတွက် အားကစားကွင်းများကို အရည်အသွေးပြည့်မီစွာ တည်ဆောက်ပေးကြရန်၊ အချိန်မီပြီးစီးရန်နှင့် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မုန့်ဈေးတန်းအဆောင်များ၊ မိုးလုံလေလုံအားကစားခန်းမကြီး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ကျောင်းအတွင်းပြင်ဆင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပညာရေးဝန်ကြီးဌာနက ဖြည့်ဆည်းပေးသည့် သိပ္ပံလက်တွေ့ခန်းသုံး သင်ထောက်ကူပစ္စည်းများ တပ်ဆင်သုံးစွဲမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ လက်တွေ့အသုံးချသင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျောင်းဘောလုံးကွင်းများ၊ ပွဲကြည့်စင်များ၊ ပြေးလမ်းများ ပြုပြင်တည်ဆောက်နေမှုများ အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားအစားအစာရက်သတ္တာပတ်အခမ်းအနားနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားအစားအစာရက်သတ္တာပတ် အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဓိပတိကွင်းပြင်နှင့် အားကစားခန်းမတို့တွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူ မောင်မယ်များ အနေဖြင့် တိုင်းရင်းသားအစားအစာများကို သိရှိလေ့လာနိုင်ကြစေရန်၊ တိုင်းရင်းသားယဉ်ကျေးမှုများကို မျှဝေခံစားနိုင်ကြစေရန်နှင့် စည်းလုံးညီညွတ်သော အေးအတူပူအမျှ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်ရေးတို့ကိုရည်ရွယ်၍ တိုင်းရင်းသားအစားအစာရက်သတ္တာပတ်အစီအစဉ်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ "ပြည်ထောင်စု စီးပွားတိုးတက်ဖို့ စိုက်ပျိုးမွေးမြူကဏ္ဍမြှင့်တင်စို့" စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ မတူကွဲပြားသော ရေမြေရာသီဥတု အခြေအနေနှင့် မြေအမျိုးအစားများအပေါ်မူတည်၍ သဘာဝအပိုင်းအခြားဇုန်အလိုက် သင့်လျော်သော စိုက်ပျိုးမွေးမြူမှုပုံစံများကို ရွေးချယ်သတ်မှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စျေးကွက်လိုအပ်ချက်အရ ပြည်တွင်းစားသုံးမှုဖူလုံရေးအပြင် ပြည်ပပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်ရေးအတွက် လိုအပ်သော ဖွံ့ဖြိုးမှုနည်းဗျူဟာများ ရေးဆွဲချမှတ်လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာစောထိုလွိတူးက လုပ်ကွက်ငယ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများအတွက် စျေးကွက်အခွင့်အလမ်းနှင့် ထိရောက်သော စိုက်ပျိုးထုတ်လုပ်မှု နည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကထိက ဒေါက်တာရည်မွန်အောင်က လုပ်ကွက်ငယ်တောင်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် တွဲဖက်ဆောင်ရွက်သင့်သည့် ငါးမွေးမြူရေးလုပ်ငန်း အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ကထိက ဒေါ်နွေးအိခိုင်ဖြူက ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ လယ်ယာလုပ်ငန်းစနစ်များကို စိစစ်အကဲခတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာဆောဘောမ်က ဒေသအလိုက်မွေးမြူ ဆေးကုသရေးဆိုင်ရာ ကပ်ပါးရောဂါများအား လေ့လာခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာမင်းအောင်က ချင်းပြည်နယ် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အာဟာရဗေဒဆိုင်ရာအလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ကထိက ဒေါ်သန့်မွန်ပိုင်က ပြောင်းချဉ်ဖတ်၏ အာဟာရဓာတ်တန်ဖိုးအပေါ် ချဉ်ဖတ်အရွယ်အစားသိပ်သည်းဆနှင့် အကျိုးပြုဘက်တီးရီးယား ထည့်သွင်းခြင်းများ၏ သက်ရောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ညီညွတ်ခြင်းသည်အင်အား တိုင်းရင်းသားများလက်တွဲထား ပြည်ထောင်စု၏ ပြည့်ခွန်အား

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၄ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဒေါ်နန်းခင်ထွေးမြင့်(ဘ)ဦးစောလှထွန်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ၎င်းကျခံရမည့် ပြစ်ဒဏ်များ၏ ထက်ဝက်ကာလအား လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၆ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အင်းစိန် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အောက်ပါသီရိလင်္ကာနိုင်ငံသား (၇)ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်-

(၁) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၁၉၉/က၊ A.A Nepolian Ananda
(၂) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၀/က၊ M.A.Sarath Kumarasiri
(၃) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၁/က၊ R.P Lakmal Prasanna
(၄) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၂/က၊ B.H Dinushan Chathuranga
(၅) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၃/က၊ W.Alexce Fernando
(၆) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၄/က၊ W.Krishan Chathuranga
(၇) ထောင်ဝင်နံပါတ် အစ/၂၂/၀၁၂၀၅/က၊ W.Sampath Kumar

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၅ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အားဖြင့် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်၍ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့်ပြင် စည်းကမ်းကောင်းမွန်စွာနေထိုင်ကြသော အကျဉ်းသား (၈၁၄) ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၇ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ(၄၆) ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ
အောင်လင်းဌေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ဆန္ဒထုတ်ဖော်ခဲ့ကြ**

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် မြို့နယ်အသီးသီးမှ ပြည်သူများက ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက် မဟာဗန္ဓုလပန်းခြံအနီး၌ နိုင်ငံတော်အလံနှင့် တပ်မတော်အလံများ ကိုင်ဆောင်၍ "တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးကြောင်း" စာသားပါ ဆိုင်းဘုတ်ကို စိုက်ထူကာ "ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး" ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ထောက်ခံပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဟောပြောခြင်းများဖြင့် အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကျောက်တံတားမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်စဉ်။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ဉာဏ်ပညာဦးဆောင်သည့် ပင်လုံသတ္တိ

**လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၏ အထင်ကရမှတ်တိုင်ဖြစ်သည့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည်မှာ စိန်ရတုတိုင်ရှိခဲ့ပါပြီ။ တိုင်းရင်းသားများ၏ စည်းလုံးမှုဟု ကမ္ဘည်းတင်ခဲ့သည်။ ပြည်ထောင်စုနေ့ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။**

ဒေါက်တာမောင်သင်း

၁၉၄၆ ခုနှစ်တွင် ကျင်းပသည့် ပထမပင်လုံအစည်းအဝေးသို့ သခင်နုခေါင်းဆောင်သောအဖွဲ့ တက်ရောက်စဉ်။

တကယ်တော့ မြန်မာတိုင်းရင်းသားများ၏ စည်းလုံးမှု၊ ညီညွတ်မှုသတ္တိကို ပြဆိုခဲ့ခြင်းပါ။ ထိုဖြစ်စဉ်တွင် တိုင်းရင်းသားခေါင်းဆောင်များ၏ အရည်အသွေးကို တွေ့မြင်ရပေသည်။ ခေါင်းဆောင်ကောင်းများပီပီ ပညာဖြင့်ယှဉ်၍ ဆောင်ရွက်၏။ တာဝန်ကို သိ၏။ ကျေပွန်၏။ သူတို့ကြောက်သည့် အရာကား ထိုခေတ်က ပေးအပ်ထားသည့် သမိုင်းပေးတာဝန်မကျေပွန်မည်ကိုဖြစ်သည်။ မြင့်မားသည့် အမျိုးသားရေးစိတ်ဓာတ်ကိုလည်း ပြသခဲ့ကြ၏။ သို့အတွက်ကြောင့် ဘုရင်ခံ ဒေါ်မန်စမစ်ကိုယ်တိုင်နှင့် တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီးစတီဗင်ဆင်တို့၏သွေးခွဲမှုကို သတ္တိရှိရှိဖြတ်ကျော်ခဲ့၏။ တိုင်းရင်းသားခေါင်းဆောင်တို့၏စိတ်ဓာတ်အတိုင်း တောင်တန်းနေ တိုင်းရင်းသားတို့ကလည်း "မြန်မာပြည်မနှင့်ပူးပေါင်း၍ ပင်လုံစိတ်အတိုင်း လွတ်လပ်ရေးကို အရယူမည်" ဟူသည့်သတ္တိရှိသည့် ဆုံးဖြတ်ချက်ဖြင့် ပင်လုံစာချုပ်ပြီး နယ်ချဲ့အစိုးရက နောက်ထပ်သွေးခွဲရန် ဖွဲ့စည်းထားသည့် "တောင်တန်းဒေသစုံစမ်းရေးကော်မရှင်" ကိုပြသခဲ့ကြသည်။

**ဆရာကြီးဇော်ဂျီ၏ သတ္တိအဖွင့်**

အများအားဖြင့် သတ္တိဟုဆိုလိုက်လျှင် တိုက်ရဲ၊ ခိုက်ရဲ၊ စွန့်စားရဲနှင့် အသေခံရဲမှသာ သတ္တိဟု မြင်ကြသည်။ သို့အတွက် တစ်ခါတစ်ရံ မိုက်ရူးရဲနှင့် ရောထွေးအဓိပ္ပာယ်ဖွင့်ဆိုတတ်သည်။ မိုက်ရူးရဲဆန်စွာလုပ်ဆောင်မှုကိုပင် သတ္တိဟုအမြင်မှားကာ မှတ်ယူကြသည်။ အမျိုးသားစာဆို ဆရာကြီးဇော်ဂျီက **"သတ္တိဆိုတာ တကယ်တော့ အသိဉာဏ်ပညာပါပဲ"** တဲ့။ ပညာနှင့်မယှဉ်သည့် ကြံစည်လုပ်ကိုင်မှု မှန်သမျှသည် သတ္တိအရည်အသွေး မမြောက်ပေ။ ပညာဟာ "မှတ်သားပြီး သိရုံသက်သက်" သည်မဆိုမဟုတ်ပါ။ **"မြင်၊ ကြား၊ သိသမျှကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် အရည်အသွေး"** ရှိရပါသည်။ "ခွဲခြားပိုင်းဖြတ်နိုင်စွမ်းရှိ၏" ဟု ဆိုလိုခြင်းပါ။

ဆရာကြီးက ဆက်လက်ပြီး အနက်အဓိပ္ပာယ်ဖွင့်ထားသည်မှာ **"လုပ်သင့်တာကို သိပြီး လုပ်ရဲမှ သတ္တိ"**၊ ပြီးတော့ **"မလုပ်သင့်တာကို သိပြီး ရှောင်ရှားရဲတာလည်း သတ္တိ"** ပါတဲ့။ ဆရာကြီးက ဂရိတွေးခေါ်ပညာရှင်ကြီး **"ဆိုကရေးတီး"** ၏ အဆိုဖြစ်သည့် "Courage is actually knowledge of what is formidable and what is not formidable" ကို "ပလေးတိုးနိဒါန်း" မှာ ထိထိမိမိ ဘာသာပြန်ထားတာပါ။ ဆောင်ရွက်လုပ်ကိုင်တာ မှန်သမျှဟာ ဉာဏ်ပညာနှင့်ယှဉ်ပြီး လုပ်သင့်တာ၊ မလုပ်သင့်ဘူးလားဆိုသည်ကို ကွဲကွဲပြားပြား သိအောင် အရင်လုပ်ပါ။ ဉာဏ်ပညာဖြင့် ဓမ္မနှင့် အဓမ္မ၊ လုပ်သင့်၊ မလုပ်သင့် ကွဲပြားအောင် ခွဲခြားနိုင်ပြီဆိုရင် လုပ်သင့်တာဆို ပြတ်ပြတ်သားသား လုပ်၊ မလုပ်သင့်တာဆို ရဲရဲရှောင်၊ ဒါမှသတ္တိအစစ်ဖြစ်ပေသည်။ ဉာဏ်ပညာနှင့်ယှဉ်ကာ ဆောင်ရွက်မှုက အနည်းဆုံး မိမိ၏ရေရှည်ကောင်းကျိုးဖြစ်ထွန်းပါလိမ့်မည်။ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်း၏အကျိုးကို ထာဝရပေးစွမ်းပါလိမ့်မည်။ ပင်လုံမြေတွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများက သက်သေပြခဲ့သည်မှာ စိန်ရတုပင်တိုင်ခဲ့ပါပြီ။

**"ငါ့ကျွန်ရင်းက မိုက်တော့ မိုက်ပါရဲ့သတ္တိမရှိ"။**

အထက်ပါစကားကို မိန့်ကြားခဲ့သူမှာ တောင်ငူဘုရင် "တပင်ရွှေထီး" ပင် ဖြစ်ပါသည်။ ပဲခူးမြို့ရွှေမော်ဓောဘုရားခ္ခ နားထွင်းမင်္ဂလာပြုရန် ချီတက်ရာတွင် လိုက်ပါရန်အတွက် သူ့ရဲကောင်းရွေးရာ သျှင်ရဲထွတ် (နောင်တွင် ဒုတိယမြန်မာနိုင်ငံတော်တည်ထောင်သူ ဘုရင့်နောင်) က လက်မထိပ်၌ အပ်စိုက်၍ တူဖြင့်ရိုက်ကာ ရွေးချယ်ရလေသည်။ ထိုအခါ တပင်ရွှေထီး၏ ငယ်ကျွန် **"ဗလရဲထင်"**သည် လက်တွန့်၍သွားလေ၏။ လက်မတွန့်သူကိုမှသာ ရွေးချယ်ရာ ငယ်ကျွန်မှာ လိုက်ပါခွင့်မရသဖြင့် ရှက်ကာ သတ္တိရှိကြောင်း ဗိုက်ကို ဓားမြှောင်ဖြင့်ခွဲ အူကိုဆွဲထုတ်၏။ သျှင်ရဲထွတ် လက်ထဲသို့ အူစကိုအပ်၍ ပြေးလေ၏။ အူဆုံးသည်နှင့် ဗလရဲထင် လဲ၍သေဆုံးလေသည်။ ဤသည်ကို ကြည့်၍ တပင်ရွှေထီးက ပြုံးပြုံးလေးဖြင့် အထက်ပါစကားကို မိန့်ကြား၍ **"မိုက်ရူးရဲ"** နှင့် **"သတ္တိ"** ကို ခွဲခြားပြခဲ့ပေသည်။ ရှက်စိတ်ကြောင့် အသက်စွန့်ခြင်းမည်သော်လည်း သတ္တိရှိသူကားမဟုတ်။ ထို့အတူ ဉာဏ်ဖြင့်မယှဉ်ဘဲ စိတ်ထင်တိုင်းလုပ်တာ၊ ပတ်ဝန်းကျင်က မြှောက်ပေး၍ လုပ်မိတာ၊ သူများမိုးခါးရေသောက်လို့ လိုက်လုပ်ခြင်းသည်လည်း သတ္တိမမည်ပါ။ ဗလရဲထင်ကဲ့သို့အသက်သာသေသွားမည့် မိုက်ရူးရဲအဖြစ် ဘဝကိုအဆုံးသတ်ပေလိမ့်မည်။

**ပင်လုံမှာပွင့်လန်းသည့် သတ္တိ**

**ပင်လုံတွင် သစ္စာပြုခဲ့ကြသည့် တိုင်းရင်းသားခေါင်းဆောင်တို့သည် ဘာလုပ်ရမည်၊ ဘာလုပ်သင့်သည်တို့ကို ကွဲပြားစွာသိ၏။ မလုပ်သင့်တာက ဘာဆိုတာလည်း ဉာဏ်ပညာဦးဆောင်ကာ ပိုင်းခြားနိုင်ခဲ့ကြသည်။ ပြီးနောက် လုပ်ရမည့်အလုပ်ကို ရဲရဲတင်းတင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ဆောင်ရွက်နိုင်ခဲ့ကြ၏။ "ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့ အချင်းချင်းတွေ မတည့်အောင် ခြေထိုးခံသူတွေ ရှိကြောင်းကို သိပါတယ်။ ယင်းသို့ရှိပေမယ့် ကျွန်တော်တို့ "မအ" ကြပါဘူး။ ကျွန်တော်တို့လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာ ယုံကြည်ပါ" ဟု ပင်လုံအစည်းအဝေးဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းဆိုင်၏ စကားက သက်သေခံနေပါသည်။**

လုပ်သင့်လုပ်ထိုက်သည်ကို နားလည်သဘောပေါက်၍ လုပ်ကြမည်ဆိုသည့် သတ္တိအပြည့်ဖြင့် ပြောဆိုခဲ့သည့် စကားဖြစ်ပါသည်။ တောင်တန်းသည် မြေပြန့်နှင့်အတူ လွတ်လပ်ရေး မဖြစ်မနေ ယူမှဖြစ်မည်။ ချန်ထားလျှင် တောင်တန်းသားများ ကျွန်သက်ဆက်ရှည်မည်ကို ကြိုတင်၍ ကွဲကွဲပြားပြားမြင်ကြ၏။ ဗြိတိသျှတို့က ဒိုမီနီယံအဆင့် ကောင်းကြောင်းဖြင့် ထပ်မံသွေးခွဲသေး၏။ ကျွန်ဖြစ်စဉ်က ပြည်မနှင့်အတူတူအသိမ်းပိုက်ခံ ကျွန်ဘဝ ရောက်ခဲ့ရ၏။ လွတ်လပ်ရေးပေးရမည်ဆိုတော့ တောင်တန်းဒေသများကို ချန်နေခဲ့ရန် မဖြစ်နိုင်ပေ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း **"လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ မည်သူ့ကိုမျှ သူတို့က လာမေးလျှင် တောင်တန်းသားတို့လည်း လွတ်လပ်ရေးကို လိုချင်ကြောင်း၊ ခြောက်လှန့်လည်း မကြောက်ကြနဲ့၊ ချော့လျှင်လည်း မပျော့ကြနဲ့၊ တောင်တန်းသားတို့သည် မြန်မာပြည်မကဲ့သို့ တန်းတူအခွင့်အရေး လိုချင်ကြောင်း ပြောရမယ်"** ဟု လုပ်သင့်သည့် သွေးစည်းသတ္တိစကားကိုသာ ဆို၏။ တောင်တန်းဒေသအား ချန်ထားမှုကိုမလိုချင်။ အတူလွတ်လပ်ရေးရချင်၏။ ပညာပြည့်ဝကြသည့် ခေါင်းဆောင်ပိုင်းက ဘာလုပ်ရမည်ကို ပြတ်ပြတ်သားသားမြင်၏။ ခွဲခြားနိုင်ခဲ့၏။ ပြီးတော့ လုပ်ဆောင်ခဲ့ကြသည်။

ပင်လုံမြေမှာ တိုင်းရင်းသားခေါင်းဆောင်များ မလုပ်သင့်၊ မလုပ်အပ်သည့် သွေးခွဲကိုလိုနီဝါဒကို ရှောင်ရှားနိုင်ခဲ့သည်။ ဒိုမီနီယံအဆင့်ကိုလည်း ဘေးဖယ်ထားခဲ့သည်။ လုံးဝမလိုချင်ပါ။ သတ္တိကင်းသည့် သူမိုက်များ၏နောက်သို့ မလိုက်ခဲ့ကြပေ။ လုပ်သင့်သည်ကို စွဲစွဲမြဲမြဲလုပ်ပြီး မလုပ်သင့်သည်ကို ရဲရဲရင့်ရင့်ရှောင်ကာ တိုင်းရင်းသားခေါင်းဆောင်များ၏ သတ္တိကို ပင်လုံမြေတွင် ထွန်းတောက်ပြောင်မြောက်စွာ ပြသခဲ့ကြသည်။

**ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ တာဝန်ကျေပွန်လိုသည့် ကြောက်စိတ်**

"ကြောက်စိတ်" ဟု ဆိုလိုက်လျှင် မလုပ်ရဲ၊ မကိုင်ရဲ၊ မတိုက်ရဲ၊ မခိုက်ရဲ၊ ရင်မဆိုင်ရဲ၊ အရှုံးပေးခြင်း၊ ထွက်ပြေးခြင်းဟုသာ မြင်ကြသုံးနှုန်းကြသည်။ ပြီးနောက် ကြောက်စိတ်ကို တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်၊ တာဝန်ကျေလိုစိတ်နှင့် မဆက်စပ်ခဲ့ပေ။ တကယ်တော့ ကြောက်စိတ်သည်လည်း တာဝန်ကျေပွန်လိုသည့် သတ္တိတစ်မျိုးပါပဲ။ မြန်မာစာပေလောကတွင် ထင်ရှားခဲ့သည့် ဆရာမကြီးဒေါ်ခင်မျိုးချစ်သည် ဂျပန်ခေတ်ကာလတွင် ဂျပန်တော်လှန်ရေးနှင့်ဆိုင်သည့် လျှို့ဝှက်စာများကို ပို့ပေးရသည်ဆို၏။ ယင်းကို သိသည့်လူများက "အဲဒီတုန်းက ဂျပန်တွေမိသွားပြီး ဆရာမကြီးကို သတ်မှာ၊ မကြောက်ဘူးလား" ဟုမေးကြပါသည်။

ဆရာမကြီး၏ မြန်မာတိုင်းရင်းသားတိုင်း၏ ရင်ထဲနှလုံးထဲမှာ စွဲကျန်ခဲ့သည့်အဖြေက **"ဂျပန်သတ်လို့ သေမှာကြောက်ပါတယ်။ ဒါပေမဲ့ သေမှာထက် ခေတ်တစ်ခေတ်မှာ ကိုယ့်ရဲ့ပခုံးပေါ် ရောက်လာတဲ့ သမိုင်းပေးတာဝန်ကို မကျေပွန်မှာကို ပိုကြောက်လို့ပါ"** တဲ့။ ဆရာမကြီးအဖြေက ခေတ်တစ်ခေတ်မှာ နိုင်ငံသားတစ်ဦးအနေဖြင့် လုပ်သင့်လုပ်ထိုက်ပြီး လုပ်ကိုလုပ်ရမည့်အလုပ်ကို **"တာဝန်သိစိတ်"**၊ **"တာဝန်ယူလိုစိတ်"**၊ **"တာဝန်ကျေပွန်လိုစိတ်"** အပြည့်ဖြင့် လုပ်ခဲ့ခြင်းသည် သတ္တိပါပဲဟု ပြဆိုလိုက်ခြင်းပါ။

**ပင်လုံမြေက ကြောက်စိတ်**

ပင်လုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ထိုအချိန်က "ခေါင်းဆောင်များ ညီညီညွတ်ညွတ်ဖြင့် သူတို့ကိုယ်စား လွတ်လပ်ရေးကို ကြိုးပမ်းကြလျှင် အောင်မြင်မည်" ဟု ယုံကြည်စွာ ယခုအစည်းအဝေးပွဲကြီးသို့ တိုင်းရင်းသားပြည်သူများက သူတို့ကိုယ်စားလွှတ်လိုက်ကြ၍ တက်ရောက်ခဲ့ကြသူများ ဖြစ်ကြပါသည်။ ယင်းခေါင်းဆောင်များသည် ပင်လုံကိုရောက်တော့ အမျိုးမျိုးသော သပ်လျှို့သွေးခွဲမှုများဖြစ်သည့် "ဒိုမီနီယံအဆင့် ယူပါလား"၊ "ဗိုလ်ချုပ်ရုပ်ကို ကြည့်ပါလား၊ ဂျပန်စိတ် မပျောက်သေးဘူး။ တော်ကြာခင်ဗျားတို့ ဖက်ဆစ်လက်အောက် ရောက်သွားမှာ"၊ "အောင်ဆန်း – အက်တလီ စာချုပ် အသိအမှတ် မပြုရေး" စသည့် သွေးခွဲမှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရပေသည်။ **စာမျက်နှာ ၇ သို့** ✧

> **"ပြည်ထောင်စုတိုင်းရင်းသားများ လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီသည် သွေးခွဲဝါဒ၊ သပ်လျှိုဝါဒ မဟုတ်ပေ။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲရန်မဟုတ်။ ထို့အတူ တိုင်းရင်းသားများ၏ ပြည်ထောင်စုနှင့် ယဉ်ကျေးမှု၊ ဘာသာတရားဖျက်ဆီးရန်လည်း မဟုတ်ခဲ့ပေ။ မြန်မာတိုင်းရင်းသားများ၏ လက်ထဲမှ အဆိုပါကျင့်စဉ်သည် အကောင်းမြင်ဝါဒကို အခြေခံ၏။ ပြည်ထောင်စုငြိမ်းချမ်းမှုကို ပေးစွမ်းသည့် ဓမ္မလွှမ်းရန်ဖြစ်ပေသည်။ အဓမ္မနှင့် ဆူပူမှု၊ သွေးကွဲမှုချုပ်ငြိမ်းစေရန်ဖြစ်သည်။ တိုင်းရင်းသားများ၏ ရှိပြီးသား စည်းလုံးမှု၊ ညီညွတ်မှုကို ပိုမိုခိုင်မာစေရန် ဖြစ်သည်။ ဒီမိုကရေစီသည် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးရမည့် ကန့်သတ်ဘောင်ရှိ၏။ စည်းကမ်းရှိ၏။ စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ မဟုတ်ပေ။ ဥပဒေဘောင်အတွင်းက ဖြစ်၏။ တိုင်းရင်းသားမျိုးဆက်သစ်များ၏ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ထဲ၊ ရွာထဲ၊ လုပ်ငန်းခွင်၊ အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကိုကျင့်သုံးလျှင် မြန်မာတိုင်းရင်းသား လူ့အဖွဲ့အစည်းက လက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဥပဒေဘောင်အတွင်းကသာ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဆောင်ရွက်ရပေမည်"**

✧စာမျက်နှာ ၆ မှ

ထိုအခါ တောင်တန်းသည် ပြည်မနှင့် အတူတကွ လွတ်လပ်ရေးမရမည်ကို စိုးရိမ်လာကြသည်။ အတူလွတ်လပ်ရေးမယူဖြစ်မှာ၊ ဒေသခံတိုင်းရင်းသားများ၏ သူတို့ထံအပ်နှံခဲ့သည့် ယုံကြည်မှု ပျက်ပြားမှာနှင့် တိုင်းရင်းသားလူထုက ပေးအပ်လိုက်သည့် တာဝန်မကျေမှာ စိုးကြောက်လာကြသည်။

တာဝန်သိစိတ်၊ တာဝန်ကျေချင်စိတ်များက သူတို့အား လမ်းမှန်ပေါ်တွန်းပို့ခဲ့သည်။ သွေးခွဲဝါဒီတို့၏ ညွှန်ပြခဲ့သည့် လမ်းမှားအဖုံဖုံကို ကျော်ဖြတ်ကာ "တောင်တန်းပြည်မ အတူတကွ လုံးဝလွတ်လပ်ရေး ကတိပြုပင်လုံစာချုပ်"ကို ချုပ်ဆိုနိုင်ခဲ့သည်။ စာချုပ်ချုပ်ဆိုပြီးသည့် နောက်ပိုင်းတွင်လည်း ဗြိတိသျှပါလီမန်အမတ်ရီးစ်ဝီလီယံဦးဆောင်သည့် "တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်" ကို ထပ်မံဖွဲ့စည်း၍ သွေးခွဲရေးနှင့် ကိုလိုနီအဖြစ် ဆက်လက်နေစေရေး ဆွဲဆောင်မေးခွန်းများဖြင့် ပြည်ထောင်စုကွဲသွားအောင်၊ တစ်နည်းအားဖြင့် ပင်လုံစာချုပ်ပျက်စီးစေရန် ဆောင်ရွက်ကြသေးသည်။ ပင်လုံစာချုပ်ရေးထိုးရာတွင် မပါဝင်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကလည်း ပင်လုံခေါင်းဆောင်ကြီးများနည်းတူ "ပင်လုံသစ္စာ" ကို ရီးစ်ဝီလီယံကော်မရှင်အား ထပ်မံအတည်ပြုပေးခဲ့ကြသည်။ သို့မှသာ ပင်လုံလက်မှတ်ရေးထိုးခေါင်းဆောင်ကြီးများ၏တာဝန်မကျေမှာ စိုးရိမ်စိတ် ကြောက်စိတ်သည် လွင့်ပျောက်ခဲ့ပေသည်ဟု ယူဆမိပါသည်။

**ငြိမ်းချမ်းမှု ပြည့်လျှမ်းသည့် ဒီမိုကရေစီ**

**ပြည်ထောင်စုတိုင်းရင်းသားများ လက်ခံကျင့်သုံးနေသည့် ဒီမိုကရေစီသည် သွေးခွဲဝါဒ၊ သပ်လျှိုဝါဒ မဟုတ်ပေ။ အထူးသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲရန်မဟုတ်။ ထို့အတူ တိုင်းရင်းသားများ၏ ပြည်ထောင်စုနှင့် ယဉ်ကျေးမှု၊ ဘာသာတရား ဖျက်ဆီးရန်လည်း မဟုတ်ခဲ့ပေ။ မြန်မာတိုင်းရင်းသားများ၏ လက်ထဲမှ အဆိုပါကျင့်စဉ်သည် အကောင်းမြင်ဝါဒကို အခြေခံ၏။ ပြည်ထောင်စုငြိမ်းချမ်းမှုကို ပေးစွမ်းသည့် ဓမ္မလွှမ်းရန်ဖြစ်ပေသည်။ အဓမ္မနှင့် ဆူပူမှု၊ သွေးကွဲမှု ချုပ်ငြိမ်းစေရန်ဖြစ်သည်။ တိုင်းရင်းသားများ၏ ရှိပြီးသား စည်းလုံးမှု၊ ညီညွတ်မှုကို ပိုမိုခိုင်မာစေရန်ဖြစ်သည်။ ဒီမိုကရေစီသည် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးရမည့် ကန့်သတ်ဘောင်ရှိ၏။ စည်းကမ်းရှိ၏။ စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ မဟုတ်ပေ။ ဥပဒေဘောင်အတွင်းကဖြစ်၏။ တိုင်းရင်းသားမျိုးဆက်သစ်များ၏ အိမ်မှာ၊ ကျောင်းမှာ၊ ရပ်ထဲ၊ ရွာထဲ၊ လုပ်ငန်းခွင်၊ အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကိုကျင့်သုံးလျှင် မြန်မာတိုင်းရင်းသား လူ့အဖွဲ့အစည်းက လက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် ဥပဒေဘောင်အတွင်းကသာ ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးဆောင်ရွက်ရပေမည်။**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြောင့် မြန်မာတို့၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် လုံးဝ အပျက်စီးခံ၍ မဖြစ်ပါ။ မြန်မာပြည်တွင်းရှိ အင်စတီကျူးရှင်းများ၊ ဝန်ထမ်းများ၊ ပါတီများအကြား၊ မိသားစုကြား၊ မိတ်ဆွေများအတွင်း မည်သို့သော အခြေအနေကြောင့်မှ သွေးစည်းမှု မပျက်စီးသင့်ပါ။

အရေးကြီးဆုံးမှာ ကျစ်လျစ်ခိုင်မာစွာ ထောင်စုနှစ် သုံးစုအနီးသို့ ချဉ်းကပ်လာသည့် သံယောဇဉ်အဖွဲ့အစည်းသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြောင့် အက်ကြောင်းကွဲတာမျိုး လုံးဝမဖြစ်သင့်ပါ။ ကွဲကြ၊ ပြဲကြ၊ ပြိုပျက်ကြခြင်းသည် ပင်လုံမျိုးဆက်သစ် တိုင်းရင်းသားများလက်ခံကျင့်သုံးရမည့် ဒီမိုကရေစီ၏ အနှစ်သာရမဟုတ်။ ဒီမိုကရေစီ လူ့အခွင့်အရေး အရေခြုံသည့် သင်းခွဲသူမျိုးဖျက်များ၏ ဝါဒသာ ဖြစ်ပါလိမ့်မည်။

မြန်မာတိုင်းရင်းသားများအနေဖြင့် ဘိုးစဉ်ဘောင်ဆက် ခိုင်မြဲလာသည့် ရွှေမှန်ကင်းအစစ် "တစ်အူထုံ့ဆင်း ညီရင်းမောင်နှမ စိတ်ထား" (National Spirit) ဆိုသည်က "ဒီမိုကရေစီ"နှင့် "လူ့အခွင့်အရေး" ဆိုသည်ထက် မနှိုင်းယှဉ်အပ်အောင် မြင့်မားကြောင်း ပညာဉာဏ်နှင့်ယှဉ်၍ မြင်တတ်ဖို့ လိုပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို တိုင်းရင်းသား နိုင်ငံသား လူတော်လူကောင်းစစ်စစ် (Good Citizen) များက ပြည်ထောင်စုငြိမ်းချမ်းမှု၊ စည်းလုံးမှုနှင့် မြန်မာ့လူ့ဘောင်ဖွံ့ဖြိုးမှုအတွက် အသုံးချရပါလိမ့်မည်။ လက်တွေ့လည်း ကျင့်သုံးနေပါသည်။ တန်ဖိုးမဲ့ သွေးခွဲဝါဒီ ကိုလိုနီလက်သစ်များကတော့ ခေတ်၏ သည်းခြေကြိုက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို သပ်လျှိုဆောင်ပုဒ်အဖြစ်သုံးကာ စည်းလုံးညီညွတ်မှု ယိုင်နဲ့အောင်လုပ်ခြင်းကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ရပါလိမ့်မည်။

ရွှေမှန်ကင်းအစစ်ကို ထင်းဖြစ်အောင်လုပ်ကာ တိုင်းရင်းသားများ၏ ရတနာအစစ် "လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် စည်းလုံးညီညွတ်မှု" တို့ကို ပြာဖြစ်အောင် မီးရှို့ခံ၍မဖြစ်ပါ။ ခေတ်သစ်မြန်မာ့သမိုင်း၏စိန်ရတုတိုင်ခဲ့သည့် "တစ်အူထုံ့ဆင်း ညီရင်းမောင်နှမစိတ်ဓာတ်" ပျက်ယွင်းသည်အထိ မင်းသားခေါင်းမျက်နှာဖုံးကိုတပ်ကာ သွေးခွဲဘီလူး၊ ခေတ်သစ်ကိုလိုနီဝါဒီသမားများက ဖျက်ကြမည်ကို ပညာသတိဖြင့်တွန်းလှန်ရပါလိမ့်မည်။ အပေါ်ယံ မင်းသားမျက်နှာဖုံးကို နှစ်သက်မှုမပြုကြပါနှင့်။ ကြိုက်မိလျှင် အစားခံ၊ အဝါးခံရပါလိမ့်မည်။ အကာနှင့် အနှစ်၊ အတုနှင့် အစစ်ကို ခွဲခြားနိုင်သည့် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိရှိရမည်။ ပညာဉာဏ်ဖြင့် ရွှန်းအုပ်နိုင်ရမည်။

**"သွေး" နှင့် "ရေ" ဘယ်အရာက ပိုတန်ဖိုးကြီးပါသလဲ။**

အထက်ပါ မေးခွန်းကို ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအားလုံး သိပြီးသားမေးခွန်းဖြစ်ပါလိမ့်မည်။ ကောလိယနှင့် ကပ္ပိလဝတ်ပြည်တို့ ရောဟီဏီမြစ်ရေအတွက် စစ်ခင်းရန်လာသည်ကို မြတ်ဗုဒ္ဓ၏ အထက်ပါမေးခွန်းကြောင့် စစ်မဖြစ်ခဲ့ပေ။ နှစ်ပြည်ထောင်သည် သာကီဝင်အမျိုးများဖြစ်ကြသည်။ သူတို့သည် ရိုးရိုး "သွေး" နှင့် "သွေးချင်း" တန်ဖိုးကို အလေးထားခဲ့ကြသည်။ သွေးသည် အသက်ဖြစ်ကြောင်းသိကြ၏။ သွေးမှဆင်းသက်လာသည့် "သွေးသားရင်းချာ" သည်လည်း "အသက်တမျှ" အရေးကြီးကြောင်း ဉာဏ်ဖြင့်ယှဉ်၍ သိခဲ့ကြ၏။ အလေးထားရန်လည်း လိုအပ်ပေသည်။ တခြားတန်ဖိုးများသည် သွေးသားရင်းချာလောက် အရေးမပါတော့ပေ။

**မြန်မာတိုင်းရင်းသားမောင်နှမများ၏ ဦးနှောက်အတွင်း စီးဆင်းလည်ပတ်နေသည့် "သွေးသားရင်းချာ" သွေးကို ရေအဆင့်လောက်ပင် အဆင့်မရှိသည့် သွေးခွဲအရည်များဖြစ်သည့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တန်းတူညီမျှမှုတို့ဖြင့် ရောနှောကာ "သွေး" တန်ဖိုးပျက်အောင် လုပ်ကြပါလိမ့်မည်။ သွေးတန်ဖိုးကျဆင်းလာလျှင် အမျိုးသားစည်းလုံးမှု၊ သွေးစည်းမှုပြိုကွဲနိုင်ပါသည်။ တိုင်းရင်းသားမျိုးဆက်သစ်များအနေဖြင့် မိမိတို့အကြား တန်ဖိုးအမြင့်ဆုံးဖြစ်သည့် "သွေးချင်း" တန်ဖိုးကို ဉာဏ်နှင့်ယှဉ်ကာ မြင်အောင်ကြည့်သင့်ပါသည်။ ပြီးလျှင် ရေရောမှုကို သတ္တိရှိရှိ ရှောင်ရှားနိုင်ရပါမည်။**

**မျိုးဆက်သစ် တိုင်းရင်းသားတို့ ပိုင်ဆိုင်ရမည့် သတ္တိနှင့်ကြောက်စိတ်**

တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာသူသည် မွေးရာပါ အခွင့်အရေးအဖြစ် အလိုအလျောက် နိုင်ငံသားဖြစ်လာသည်။ တိုင်းရင်းသားမှဖြစ်သည့် နိုင်ငံသားဖြစ်ပါသည်။ မွေးရာပါအခွင့်အရေးအရ လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များကြောင့် လည်းကောင်း နိုင်ငံသားများတွင် ထမ်းဆောင်ရမည့် တာဝန်ကတော့ အတူတူပင်ဖြစ်သည်။ ယင်းတို့အနက်မှ အရေးကြီးဆုံးတာဝန်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အခွန်ရှုံ့ရည် တည်တံ့ခိုင်မြဲရန် ဆက်လက်စွမ်းဆောင်နေရခြင်းပါ။

**ထို့အတူ နောက်မျိုးဆက် တိုင်းရင်းသားအားလုံး မလွဲမသွေထမ်းဆောင်ရန် သတ္တိလည်းရှိရမည်။ ကြောက်စိတ်လည်းရှိရမည်။ ယင်းမှာ "ယခင်မျိုးဆက် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီးကို ပြိုကွဲအောင်မလုပ်ခြင်း (သို့မဟုတ်) ပြည်ထောင်စုပြိုကွဲရန် အလုပ်မှန်သမျှကို ရှောင်ရှားရသည့်သတ္တိနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့်သတ္တိများ ဖြစ်ပါသည်။ ဆိုလိုသည်မှာ မလုပ်သင့်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ရှောင်ရှားနိုင်သောသတ္တိပါ။ လုပ်သင့်သည့် စည်းလုံးညီညွတ်မှုကို ဆက်ပြီးလုပ်ရမှာလည်း သတ္တိပါပဲ။ ထို့အတူ ခေတ်သမိုင်းက တိုင်းရင်းသားများ၏ ပခုံးပေါ်ကျလာသည့် သမိုင်းပေးတာဝန်ကို မကျေပွန်မှာ ကြောက်တတ်ရတာလည်း သတ္တိပါပဲ။ အထူးသဖြင့် ပြည်ထောင်စုပြိုကွဲမှာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်သုဉ်းမှာကို ကြောက်တတ်ရပါလိမ့်မည်**

တောင်ငူဘုရင် တပင်ရွှေထီးလက်ထက် သူ့ရဲကောင်းရွေးပွဲတွင် ဘုရင့်နောင်က လက်မထိပ်၌ အပ်စိုက်၍ တူဖြင့်ရိုက်ကာ သူ့ရဲကောင်းရွေးချယ်သည့် မြင်ကွင်း။

ထို့အတူ နောက်မျိုးဆက် တိုင်းရင်းသားအားလုံး မလွဲမသွေထမ်းဆောင်ရန် သတ္တိလည်းရှိရမည်။ ကြောက်စိတ်လည်းရှိရမည်။ ယင်းမှာ "ယခင်မျိုးဆက် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့သည့် ပြည်ထောင်စုကြီးကို ပြိုကွဲအောင်မလုပ်ခြင်း (သို့မဟုတ်) ပြည်ထောင်စုပြိုကွဲရန် အလုပ်မှန်သမျှကို ရှောင်ရှားရသည့်သတ္တိနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့်သတ္တိများ ဖြစ်ပါသည်။ ဆိုလိုသည်မှာ မလုပ်သင့်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် ရှောင်ရှားနိုင်သောသတ္တိပါ။ လုပ်သင့်သည့် စည်းလုံးညီညွတ်မှုကို ဆက်ပြီးလုပ်ရမှာလည်း သတ္တိပါပဲ။ ထို့အတူ ခေတ်သမိုင်းက တိုင်းရင်းသားများ၏ ပခုံးပေါ်ကျလာသည့် သမိုင်းပေးတာဝန်ကို မကျေပွန်မှာ ကြောက်တတ်ရတာလည်း သတ္တိပါပဲ။ အထူးသဖြင့် ပြည်ထောင်စုပြိုကွဲမှာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်သုဉ်းမှာကို ကြောက်တတ်ရပါလိမ့်မည်။

ပင်လုံဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ဉာဏ်ပညာနှင့်ယှဉ်၍ လုပ်သင့်လုပ်ထိုက်သည်နှင့် မလုပ်သင့်မလုပ်ထိုက်သည်ကို ကွဲကွဲပြားပြားမြင်အောင် ကြည့်နိုင်ခဲ့သည်။ လက်မရှိ,ဘဲ လုပ်သင့်သည့် စည်းလုံးမှုကို လုပ်ခဲ့ကာ သမိုင်းတွင် မော်ကွန်းရေးထိုးခဲ့ကြသည်။ မလုပ်သင့်မလုပ်အပ်သည့်သွေးခွဲမှုကိုဦးဆောင်နေသည့် ပညာမဲ့များနောက်သို့ ခြေဦးမလှည့်ခဲ့ပေ။ ဉာဏ်ပညာဦးဆောင်မှုဖြင့် ဆောင်ရွက်မှု (သို့မဟုတ်) ပင်လုံသတ္တိ၏ ပထမဆုံးရလဒ်ကား "ပြည်ထောင်စုသွေးစည်းမှု"နှင့် ယင်း၏နောက်ဆက်တွဲရလဒ်ကား "ပြည်ထောင်စုလွတ်လပ်ရေး" ပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဉာဏ်ပညာဦးဆောင်၍ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ခဲ့သည့်လုပ်ရပ်များကြောင့် မြန်မာတိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေခဲ့သည်။ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဟုကမ္ဘာ့အလယ် ဝင့်ထည်ခဲ့သည်။

ယနေ့ မြန်မာတိုင်းရင်းသားမျိုးဆက်များအနေဖြင့် "စောင့်လေမျိုးနွယ်" တာဝန်ကို မဖြစ်မနေ ထမ်းဆောင်ရပါမည်။ ပင်လုံတိုင်းရင်းသား ခေါင်းဆောင်များ၏ **"ပင်လုံသတ္တိ"** နှင့် **"ပင်လုံကြောက်စိတ်"** ကို မျိုးဆက်အမွေအဖြစ် ဆက်ခံစောင့်ထိန်းရပါမည်။ ထိုကောင်းမွေကို ဆက်ခံနိုင်ရန် ဉာဏ်ပညာဖြင့်ယှဉ်သည့် သတ္တိပိုင်ရှင်များ ဖြစ်ရမည်။

ပင်လုံမျိုးဆက် သတ္တိပိုင်ရှင်များ၏ ခေတ်သမိုင်းက ပခုံးပေါ်တင်ပေးသည့် တာဝန်ကား **"ပြည်ထောင်စု သွေးစည်းခိုင်မြဲမှု"** ကို တည်တံ့အောင်၊ ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ အဆိုပါတာဝန်ကို မည်သည့်အရာနှင့်မျှ မလဲနိုင်သည့် သတ္တိပိုင်ရှင်များ ဖြစ်ရပါမည်။ သွေးစည်းမှုကို ဖြိုခွဲသူများ၏ အရေခြုံထားမှုများကိုလည်း ပညာနှင့်ယှဉ်၍ မြင်အောင်ကြည့်နိုင်သူများ ဖြစ်ရပါမည်။ ထို့အတူ ပြည်ထောင်စုပြိုကွဲမည်ကို စိုးရိမ်စိတ်ကြီးသူ၊ ထိုတာဝန်ကို မကျေပွန်မည်ကို ကြောက်တတ်ပြီး ကာကွယ်နိုင်သည့် ပညာနှင့်ယှဉ်သည့် သတ္တိပိုင်ရှင်များဖြစ်ရပါမည်။ ပြီးလျှင် ပြည်ထောင်စုနှင့်တိုင်းရင်းသားစည်းလုံးမှုကို ဖြိုခွဲမည့်မျိုးဖျက်များကို ပြတ်သားစွာ တိုက်ထုတ်နိုင်ရပါလိမ့်မည်။ သို့မှသာ ပင်လုံမျိုးဆက်ပီသကာ ပြည်ထောင်စုကို တည်တံ့ခိုင်မြဲအောင်နှင့် ဖွံ့ဖြိုးအောင် ဆက်လက်ထိန်းသိမ်းပေလိမ့်မည်။ ဤကဲ့သို့ သတ္တိမျိုးကို ပင်လုံမျိုးဆက်များပိုင်ဆိုင်ကြပြီဆိုလျှင် **"သွေးစည်းမှု ပင်လုံသစ္စာ"** သည်လည်း စိန်ရတုပေါင်းများစွာဆီသို့ ပျော်ရွှင်ငြိမ်းချမ်းစွာဆက်လက်ချီတက်နေဦးမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

(၁) ဇော်ဂျီ (၂၀၀၂) ပလေးတိုးနိဒါန်း (စတုတ္ထအကြိမ်)
(၂) လယ်တီပဏ္ဍိတ ဦးမောင်ကြီး (အမ်အေ) (၂၀၁၃) တပင်ရွှေထီးဝတ္ထုတော်ကြီး (ဒုတိယအကြိမ်)
(၃) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ် (၁၉၆၅) တိုင်းရင်းသားလူမျိုးများ၏အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ အမြင်နှင့် ခံယူချက် (ဒုတိယအကြိမ်)

# (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းလိုက် တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းမှ စ၍ ရန်ကုန်မြို့ရှိမြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

တတိယနေ့ပွဲစဉ်များအပြီးတွင် ဆုပေးပွဲအခမ်းအနား ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်အမှူဆောင် ဦးတင်မောင်မောင်ဝင်းက မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးမင်းညွန့်က လက်ခံရယူသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမျိုးသီဟက အသင်းခေါင်းဆောင်များ၊ ပြိုင်ပွဲတွင် ဆုရရှိသောသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှူဆောင် ဦးမောင်မောင်ထွန်းက အမျိုးသမီးတစ်ဦးချင်း(အကျောပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် စုစုပေါင်း ၁၅၂ ချက်ဖြင့် တတိယဆုရရှိသော ရန်ကုန်အသင်းမှ စန်းစန်းဝင်း၊ အသားတင်ရိုက်ချက် ၁၄၆ ချက်ဖြင့် ဒုတိယဆုရရှိသော မန္တလေးအသင်းမှ ဝါဝါသန့်၊ အသားတင်ရိုက်ချက် စုစုပေါင်း အချက် ၁၄၀ ဖြင့် ပထမဆုရရှိသော ကချင်အသင်းမှ ကျန်ချင်းရီ၊ အမျိုးသမီးတစ်ဦးချင်း(အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၄ ချက်ဖြင့် တတိယဆုရရှိသော ကချင်အသင်းမှ ရန်နား၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော ရန်ကုန်အသင်းမှ မိုးပြည့်စုံခင်၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမဆုရရှိသော နေပြည်တော်အသင်းမှ ဝိုင်းဝိုင်း တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အလုပ်အမှူဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး အသင်းလိုက်(အကျောပေး)ပြိုင်ပွဲတွင် စုစုပေါင်း အသားတင်ရိုက်ချက် ၂၉၇ ချက်ဖြင့် တတိယဆုရရှိသော တနင်္သာရီအသင်း၊ စုစုပေါင်း အသားတင်ရိုက်ချက် ၂၉၄ ချက်ဖြင့် ဒုတိယဆုရရှိသော မကွေးအသင်း၊ စုစုပေါင်း အသားတင်ရိုက်ချက် ၂၈၃ ချက်ဖြင့် ပထမဆုရရှိသော ကချင်အသင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အလုပ်အမှူဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၅၆ ချက်ဖြင့် တတိယဆုရရှိသော မန္တလေးအသင်း၊ စုစုပေါင်းရိုက်ချက် ၃၅၂ ချက် ဖြင့် ဒုတိယဆုရရှိသော ရန်ကုန်အသင်းမှ ရိုက်ချက် ၃၃၆ ချက်ဖြင့် ပထမဆုရရှိသော နေပြည်တော်အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အလုပ်အမှူဆောင် ဦးအောင်ကိုဇော်က အမျိုးသား တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော ရှမ်း(ခ)အသင်းမှ စိုင်းသန်းအောင်၊ အသားတင်ရိုက်ချက် ၁၈၃ ချက်ဖြင့် ဒုတိယဆုရရှိသော တနင်္သာရီ(က)အသင်းမှ ငွေထွန်း၊ စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် ပထမဆုရရှိသော ရှမ်း(ခ)အသင်းမှ ကျော်နိုင်ဦး၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အမျိုးသား တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယဆုရရှိသော နေပြည်တော်(က)အသင်းမှ ပြည်ဟိန်းဦး၊ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် ဒုတိယဆုရရှိသော ကယား(က)အသင်းမှ သီဟအောင်၊ စုစုပေါင်းရိုက်ချက် ၂၁၀ ဖြင့် ပထမဆုရရှိသော နေပြည်တော်(က)အသင်းမှ ရာဇာတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက အမျိုးသားအသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် စုစုပေါင်း အသားတင်ရိုက်ချက် ၆၄၂ ချက်ဖြင့် တတိယဆုရရှိသော ကချင်အသင်း၊ စုစုပေါင်း အသားတင်ရိုက်ချက် ၆၄၀ ဖြင့် ဒုတိယဆုရရှိသော ရှမ်း(က)အသင်း၊ စုစုပေါင်း အသားတင် ရိုက်ချက် ၆၂၀ ဖြင့် ပထမဆုရရှိသော ရှမ်း(ခ) အသင်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က အမျိုးသား အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၆၅၉ ချက်ဖြင့် တတိယဆုရရှိသော စစ်ကိုင်း(က)အသင်း၊ စုစုပေါင်းရိုက်ချက် ၆၅၀ ဖြင့် ဒုတိယဆုရရှိသော နေပြည်တော်(က)အသင်း၊ စုစုပေါင်းရိုက်ချက် ၆၄၉ ချက်ဖြင့် ပထမဆုရရှိသော ကယား(က)အသင်းတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက အမျိုးသားအသင်းလိုက် အကျောမဲ့ တံခွန်စိုက်ဆုဖလားရရှိသည့် ကယား( က) အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်သည်။ ယခုပြိုင်ပွဲ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ သင်းမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀၈ ဦးနှင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၁၂၉ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ကျပန်းစကားပြောနှင့် ပန်းချီပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ကျပန်းစကားပြောနှင့် ပန်းချီပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများကပြိုင်ပွဲ အသီးသီးတွင်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ပုသိမ်တက္ကသိုလ်အနေဖြင့် (၇၅) နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ၇၉ ဦး၊ ကဗျာပြိုင်ပွဲတွင် ၃၇ ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ၃၄ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ၂၂ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ခုနစ်ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး တစ်နိုင်ငံလုံး တက္ကသိုလ်ကောလိပ်အဆင့်ပြိုင်ပွဲတွင် ပုသိမ်တက္ကသိုလ်မှ စာစီစာကုံး ပြိုင်ပွဲတွင် ဒုတိယ၊ ကဗျာပြိုင်ပွဲတွင် ဒုတိယတို့ရရှိခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ဥယျာဉ်ခြံသီးနှံပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ကသာ ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူးရုံးတွင် ဥယျာဉ်ခြံသီးနှံပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဥယျာဉ်ခြံသီးနှံပြပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးထက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ကသာခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိုးသူအန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကသာခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရဲတပ်ဖွဲ့က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီက ညောင်တုန်းမြို့ ဗိုလ်ချုပ်လမ်းရှိ ဟင်္သာတဘုန်းတော်ကြီးကျောင်းဝင်း အတွင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးဦးဆောင်၍ အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့များ စုစုပေါင်း ၃၅ ဦးဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရွှေပြည်အေးစေတီတော်တွင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျောင်းဝင်းအတွင်း အမှိုက်၊ ချုံနွယ် များ ခုတ်ထွင်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

ပေါင်းစုစွမ်းအား မြန်ပြည်တစ်လွှား အစဉ်ရှေးရှု ပြည်ထောင်စု

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားအတွက် ကြိုတင် ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဘောလမ်း တစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အထိမ်းအမှတ်ပါ အလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ၊ တိုင်းရင်းသား ရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလပန်းခြံအတွင်း ရောင်စုံ အလှမီးများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ် စိုက်ထူထားခြင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီ အဝိုင်းတို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်းများ ဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

ထို့အတူ မန္တလေးမြို့ ကျုံးအတွင်း ရေပန်းများဖွင့်လှစ်ခြင်း၊ နန်းမြို့ရိုးတစ်လျှောက်ရှိ တံတိုင်းများ၊ ကျုံးပတ်လမ်းရှိ ရတနာပုံ ဥယျာဉ်လမ်း တစ်လျှောက်နှင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးရုံးတို့၌လည်း ရောင်စုံမီးများ ထွန်းညှိခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရှေ့ခရီး

❖ ပေါင်းစု ညီညီ
ကောင်းမှုရည်လျက်
တိုင်းပြည် ထူထောင်ကြပါစို့။
❖ သူ့ဝန် ကိုယ့်တာ
ကျေပွန်စွာဖြင့်
မြန်မာပြည်ကြီး
ရှေ့ခရီးတွက်
စုစည်း လုပ်ဆောင်ကြပါစို့။
❖ အစိုးရ ပြည်သူ
အကျိုးမျှ ညီတူ
တိုးဆ ကြည်ဖြူ
ရည်တူ ဆောင်ကြိုး
ပြည့်အကျိုးတွက်
သယ်ပိုး ထမ်းရွက်ကြပါစို့။
❖ သို့မှသာလျှင်
တိုင်းရင်းသားတို့
ရိုင်းပင်းအားဖြင့်
ဝိုင်းဝန်းပွားစည်
မြန်မာပြည်သည်
ဝင့်ထည်ခိုင်မတ် နိုင်မည်တကား။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်)

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ ခိုလောင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းနှင့် ကျောက်မဲမြို့အဝင်မုခ်ဦးဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ခိုလောင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်လွန်ကတ္တရာလမ်း လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်လွန်ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ခိုလောင်းနိုင်လွန်ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၇၃၀၊ အကျယ် ၂၂ ပေရှိပြီး ရှမ်းပြည်နယ်အစိုးရနှင့် ပြည်သူများ၏ စုပေါင်း လှုဒါန်းငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော်ဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ဆောက်လုပ်သည့် ကျောက်မဲမြို့အဝင်မုခ်ဦးဖွင့်ပွဲကို ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တအာင်း(ပလောင်)ယဉ်ကျေးမှုအဖွဲ့နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ် စာရေးဆရာ အသင်းမှ စာရေးဆရာ ဝင်းနွယ်(ပုသိမ်)၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်ခင်နင်းကြည်တို့က "ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုစိတ်ဓာတ် အရေးကြီးပုံ၊ ပြည်ထောင်စုထာဝရတည်တံ့နိုင်ရေး တိုင်းရင်းသားလူမျိုးတိုင်း တန်ဖိုးထားရမည့် ပြည်ထောင်စုနေ့ အကြောင်း'' သိကောင်းစရာများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အသိပညာပေး လုပ်ငန်းများကိုလည်း အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**

# အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ အစီရင်ခံစာများပါ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ

လင်းလက်




ပုံ-က မြန်မာနိုင်ငံ၏ CPI ရမှတ်အခြေအနေ အညွှန်းကိန်း ခုနစ်ခုအပေါ် အခြေခံတွက်ချက်ထားသည့် ရမှတ်များ။

**၂၀၂၁ ခုနှစ်အတွက် TI ၏ CPI အညွှန်းကိန်းများ ထုတ်ပြန်ခြင်း**

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International – TI) သည် ၁၉၉၅ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၁၀၀ ကျော်အတွက် အဂတိလိုက်စားမှုအပေါ် သဘောထားအမြင်များကို စုစည်းတင်ပြလေ့ရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ အဖွဲ့အစည်း ၁၂ ခုမှ အညွှန်းကိန်း ၁၃ ခုကို အခြေခံ၍ ကျွမ်းကျင်ပညာရှင်များ၏ အကဲဖြတ်သုံးသပ်ချက်များနှင့် သဘောထားအမြင် စစ်တမ်းရလဒ်များကို ပေါင်းစပ်၍ ရရှိလာသော ပျမ်းမျှရမှတ် အများ၊ အနည်းအလိုက် နိုင်ငံအဆင့် သတ်မှတ်ချက်များကို ဖော်ပြလေ့ရှိပါသည်။ TI အညွှန်းကိန်းပါ ရမှတ် "၀" သည် အဂတိလိုက်စားမှု အဆိုးရွားဆုံးအခြေအနေကို ဖော်ပြခြင်းဖြစ်ပြီး ရမှတ် "၁၀၀"သည် အဂတိလိုက်စားမှု လုံးဝကင်းစင်သည့် အခြေအနေကို ကိုယ်စားပြုပါသည်။

၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုအညွှန်းကိန်းကို ၂၅-၁-၂၀၂၂ ရက်နေ့တွင် TI မှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံပေါင်း ၁၈၀ ၏ ရမှတ်နှင့် အဆင့်များကို ဖော်ပြထားပြီး ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် ရမှတ် ၈၈ မှတ်ဖြင့် အဆင့် ၁ ရရှိခဲ့ပြီး တောင်ဆူဒန်နိုင်ငံသည် ရမှတ် ၁၁ မှတ်ဖြင့် အဆင့် ၁၈၀ နေရာရရှိခဲ့ပါသည်။ နိုင်ငံစုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် ရမှတ် ၅၀ အောက်တွင်ရောက်ရှိနေပြီး ပျမ်းမျှရမှတ်အနေဖြင့် ၄၃ မှတ်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရမှတ် ၂၈ မှတ်ဖြင့် နိုင်ငံအဆင့် ၁၄၀ တွင် တည်ရှိနေပါသည်။

**မြန်မာနိုင်ငံ၏ CPI အညွှန်းကိန်း ရမှတ်များအခြေအနေ**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက်သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ပုံဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် လူ့အသိုက်အဝန်းတစ်ခု ပေါ်ထွန်းလာရေးအတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် အများပြည်သူ အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

TI အစီရင်ခံစာများပါ မြန်မာနိုင်ငံ၏ ရမှတ်များကို လေ့လာသုံးသပ်ကြည့်ပါက ၂၀၁၂ ခုနှစ်တွင် ရမှတ် ၁၅ မှတ်သာရရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် နောက်ပိုင်းမှစ၍ ရမှတ်များသည် တိုးတက်လာသည်ကို တွေ့မြင်နိုင်ပါသည်။ ရလဒ်များအရ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်နိုင်ခဲ့ပြီး သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ရမှတ်အခြေအနေများကို လေ့လာကြည့်ပါက ပုံ-ကတွင် ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်-

**အညွှန်းကိန်းခုနစ်ခုအပေါ်အခြေခံ**

၂၆-၁၁-၂၀၁၉ ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International – TI)မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ် TI အနေဖြင့် CPI အညွှန်းကိန်းများကို အဖွဲ့အစည်း ၁၂ ဖွဲ့မှ အညွှန်းကိန်း ၁၃ ခုကို အခြေခံတွက်ချက်သော်လည်း မြန်မာနိုင်ငံအတွက်မူ အဂတိလိုက်စားမှုအညွှန်းကိန်းကို အဖွဲ့အစည်းခုနစ်ဖွဲ့၏ အညွှန်းကိန်း ခုနစ်ခုအပေါ် အခြေခံတွက်ချက်ခဲ့သည်ဟု ဆွေးနွေးတင်ပြခဲ့ပါသည်-

(က) **ကမ္ဘာ့ဘဏ်၏ နိုင်ငံ့မူဝါဒနှင့် အင်စတီကျူးရှင်းဆိုင်ရာ အကဲဖြတ်မှု (World Bank Country Policy and Institutional Assessment)** – ကမ္ဘာ့ဘဏ်လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (International Development Association)၏ (၁) စီးပွားရေးကဏ္ဍစီမံခန့်ခွဲမှု၊ (၂) အဖွဲ့အစည်းဆိုင်ရာ မူဝါဒများ၊ (၃) လူမှုအဖွဲ့အစည်းအားလုံးပါဝင်နိုင်မှုနှင့် တန်းတူညီမျှမှု၊ (၄) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုစသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် အဓိကျသည့်ကဏ္ဍလေးရပ်အပေါ် အခြေခံသုံးသပ်ထားသည့် ရလဒ်များ၊

(ခ) **စီးပွားရေးကဏ္ဍအခြေအနေနှင့် အဂတိလိုက်စားမှု အန္တရာယ်ရှိမှုဆိုင်ရာ အညွှန်းကိန်းများ (Global Insights Business Conditions and Risk Indicators)** – နိုင်ငံရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အခွန်လုပ်ငန်းစဉ်များ၊ လုပ်ငန်းခွင်လုံခြုံမှုနှင့် အခြားလုပ်ငန်းစဉ်များတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ကြုံတွေ့ရနိုင်သည့် အဂတိလိုက်စားမှု အန္တရာယ်ရှိမှုအခြေအနေများကို သုံးသပ်ထားသည့် ရလဒ်များ၊

(ဂ) **ဘာ့(ထ်)မန်းစတစ်(ဖ်)ထွန်(ထ်)ဖောင်ဒေးရှင်း၏ အသွင်ကူးပြောင်းမှု အညွှန်းကိန်း (Bertlsmann Stiftung Foundation Transformation Index)** – နိုင်ငံများ၏ အသွင်ကူးပြောင်းမှုစီမံခန့်ခွဲမှု စွမ်းဆောင်ရည်နှင့် ပတ်သက်သည့် အခြေအနေများကို အခြေခံအချက် ၁၇ ချက်ဖြင့် သုံးသပ်ထားသည့် ရလဒ်များ၊

(ဃ) **ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှု အစီအစဉ်၏ တရားဥပဒေစိုးမိုးရေး အညွှန်းကိန်း (World Justice Project Rule of Law Index)** – တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု၊ အားသာချက်နှင့် အားနည်းချက်များကို သုံးသပ်ထားသည့် ရလဒ်များ၊

(င) **နိုင်ငံရေးဆိုင်ရာ အန္တရာယ်ရှိမှု သုံးသပ်ရေးအဖွဲ့၏ ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး အန္တရာယ်ရှိမှု လမ်းညွှန်ချက်(Political Risk Services Group International Country Risk Guide)** – နိုင်ငံရေးနယ်ပယ်တွင် ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများကို သုံးသပ်ထားသည့် ရလဒ်များ၊

(စ) **ဒီမိုကရေစီ စနစ်အမျိုးမျိုးအား သုံးသပ်ရေးအစီအစဉ် (Varieties of Democracy Project – V Dem)** – ရွေးကောက်ပွဲဖြစ်စဉ်များ၊ လစ်ဘရယ်စနစ်၊ အားလုံးပါဝင်နိုင်မှု၊ ဆုံးဖြတ်နိုင်ခွင့် အာဏာခွဲဝေကျင့်သုံးမှု၊ သာတူညီမျှမှု၊ အများသဘောဆန္ဒ အလေးထားမှုနှင့် တစ်ဦးဆန္ဒကို အလေးထားဆုံးဖြတ်မှု စသည့် ဒီမိုကရေစီစံနှုန်းများအပေါ် သုံးသပ်ထားသည့် ရလဒ်များ၊

(ဆ) **စီးပွားရေးပညာရှင်များအစုအဖွဲ့၏ နိုင်ငံအလိုက် သုံးသပ်ချက်များ (Economic Intelligence Unit Country Risk Service)** – ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် သုံးသပ်ထားသည့် ရလဒ်များ၊

သို့ဖြစ်ရာ CPI အညွှန်းကိန်း တိုးတက်လာစေရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်ရေးဆောင်ရွက်ရန်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်နေမှုများအပြင် ပြည်သူလူထုအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများက အင်တိုက်အားတိုက် အားဖြည့်ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**Global Corruption Barometer (GCB) ၏ ၂၀၂၀ အစီရင်ခံစာ**

GCB အစီအစဉ်ကို ၂၀၀၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရလဒ်ဖော်ပြမည့် နိုင်ငံ၏ နိုင်ငံသားများကို အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အတွေ့အကြုံ သဘောထားအမြင်များကို စစ်တမ်းကောက်ယူကာ ၎င်းတို့၏ သဘောထားအမြင်များကို စုစည်းပြုစု၍ CPI အညွှန်းကိန်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ❍

> **"မြန်မာနိုင်ငံ၏ CPI အညွှန်းကိန်းများကို လေ့လာသုံးသပ်ကြည့်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ရမှတ်များတိုးတက်လာသည်ကို တွေ့ရှိနိုင်ပါသည်။ ထို့ပြင် GCB ၏ စစ်တမ်းရလဒ်အရ အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ဆောင်မှုများအပေါ် အစိုးရ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအပါအဝင် ပြည်သူ့လူထု၏ ယုံကြည်မှုမြင့်မားလာခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ အောင်မြင်လာပြီဟုဆိုနိုင်"**

# အကြိမ် (၇၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ အကြိမ် (၇၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အဆိုပါစေတီတော်မြတ် ရင်ပြင်တော်တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဦးဆောင်သည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီး များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ သုံးလောကထွတ်ထား သမ္မာသမ္ဗုद्ध ဘုရားရှင်အား ပင့်လျှောက်ခြင်း၊ အဂ္ဂသာဝကနှစ်ဆူ ဖြစ်တော်မူသော လက်ျာတော်ရံအရှင်သာရိပုတ္တရာ နှင့် အရှင်မဟာမောဂ္ဂလာန်ရဟန္တာအရှင်မြတ် နှစ်ပါးအား ပင့်လျှောက်ခြင်းနှင့် နတ်ဗြဟ္မာများအား ပင့်ဖိတ်ခြင်းတို့ကို ဘာသာရေးဝတ်အဖွဲ့များက ဆောင်ရွက်ကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အကြိမ် (၇၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် အသံ မစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရခြင်းအကြောင်းကို မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကောဝိဒထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည် ကြပြီး ကြွရောက်တော်မူလာကြသည့် သံဃာတော် အရှင်မြတ်တို့က အန္တရာယ်ကင်းပရိတ်တရားတော် များ ရွတ်ပွားချီးမြှင့်ပေးတော်မူကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါ စရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်း ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးကြ သည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ အကြိမ် (၇၀) မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီး များဦးဆောင်၍ ပင့်သံဃာတော် ၂၄ ပါးဖြင့် ငါးရက် တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၁၀ မှ

ပုံ-၁ GCB အစီရင်ခံစာပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများ၏ လုပ်ဆောင်မှုများအပေါ် ပြည်သူလူထု၏ သဘောထားအမြင် စုစည်းပြုစုထားမှုကို တွေ့ရစဉ်။




ပုံ-၂ GCB အစီရင်ခံစာပါ အစိုးရ၏လုပ်ဆောင်မှုများအပေါ် ပြည်သူလူထု၏ သဘောထားအမြင် စုစည်းပြုစုထားမှုကို တွေ့ရစဉ်။

GCB အနေဖြင့် ၂၀၁၉ ခုနှစ် မတ်လ မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အာရှဒေသတွင်းရှိ နိုင်ငံ ၁၇ နိုင်ငံတွင်းမှ အသက် ၁၈နှစ်အထက် ပြည်သူ ၂၀၀၀၀ ခန့်ကို စစ်တမ်းကောက်ယူခဲ့ပြီး ယင်း စစ်တမ်းရလဒ် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ GCB အစီရင်ခံစာအရမြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက် ဖျက်ရေးလုပ်ဆောင်ချက်များ ထိရောက်ကောင်း မွန်မှု ရှိ/မရှိ အပေါ် မြန်မာနိုင်ငံရှိ လူဦးရေ ၁၀၀၀ ခန့်ကို မေးမြန်းစစ်တမ်းကောက်ယူခဲ့ရာ ၎င်းတို့၏ တုံ့ပြန်ဖြေကြားမှုများအရ အဂတိလိုက်စားမှုတိုက် ဖျက်ရေးအေဂျင်စီများ၏ လုပ်ဆောင်မှုများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်များကို ကောက်ယူခဲ့သည့် ဒေသတွင်း ၁၇ နိုင်ငံတွင် ပျမ်းမျှ ၆၃ ရာခိုင်နှုန်းရှိရာ မြန်မာနိုင်ငံအနေဖြင့် ပျမ်းမျှရာခိုင်နှုန်းထက် ကျော်လွန်ကာ ဒေသတွင်း နိုင်ငံများအနက် အမြင့်ဆုံးအဆင့် ၉၄ ရာခိုင်နှုန်း ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

ထို့အပြင် အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက် ရေးလုပ်ဆောင်မှုများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်တွင်လည်း ပျမ်းမျှ ၆၁ ရာခိုင်နှုန်း တွင် အမြင့်ဆုံးအဆင့် ၉၃ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

**ထိရောက်သော ဆောင်ရွက်မှုများ**

အဆိုပါ စစ်တမ်းရလဒ်များကို အခြေခံ သုံးသပ် ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၄ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် သက်တမ်းကာလအားဖြင့် နှနယ်သေးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်အထိ ခေတ်အဆက်ဆက် ဖွဲ့စည်းခဲ့သည့် ကော်မရှင် အသီးအသီးသည် မိမိတို့၏ ခေတ်စနစ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုများကို အချိန်တို အတွင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက် ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အပါ အဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင် မှုသည် အရေးကြီးသည်ကို တွေ့ရှိရသဖြင့် ကော်မရှင်သည် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ကိုရယူရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် အဂတိ လိုက်စားမှုများကို သတင်းပေးဖော်ထုတ်တိုင်ကြားမှု ယန္တရား ခိုင်မာအားကောင်းလာစေရေးနှင့် အဂတိ လိုက်စားမှုများကြောင့် ပြည်သူလူထု၏ ဆုံးရှုံး နစ်နာမှုများကို သတင်းပေးဖော်ထုတ်တိုင်ကြားသူ များအား အကာအကွယ်ပေးနိုင်ရေးအတွက် အများပြည်သူအကျိုး သတင်းပေးဖော်ထုတ် တိုင်ကြားသူများ အကာအကွယ်ပေးရေးဥပဒေ "Public Interest Whistleblower Protection Law" ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။

**ကဏ္ဍပေါင်းစုံပူးပေါင်းရန်လို**

မြန်မာနိုင်ငံ၏ CPI အညွှန်းကိန်းများကို လေ့လာသုံးသပ်ကြည့်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ရမှတ်များ တိုးတက် လာသည်ကိုတွေ့ရှိနိုင်ပါသည်။ ထို့ပြင် GCB ၏ စစ်တမ်းရလဒ်အရ အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုများနှင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ဆောင် မှုများအပေါ် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထု၏ ယုံကြည်မှု မြင့်မားလာခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ အတိုင်းအတာ တစ်ခုအထိ အောင်မြင်လာပြီဟု ဆိုနိုင်ပါသည်။ သို့ရာတွင် CPI အညွှန်းကိန်း သိသိသာသာ တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက် ရန် လိုအပ်နေဆဲပင်ဖြစ်ပါသည်။ CPI အညွှန်းကိန်း သုံးသပ်မှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကဏ္ဍတစ်ခုတည်းအပေါ် သုံးသပ်ခြင်းမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့် ကဏ္ဍစုံပါဝင် သဖြင့် သက်ဆိုင်ရာကဏ္ဍများတွင်လည်း အစဉ်မပြတ် ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ် ရန် လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြ အပ်ပါသည်။ ။

**ရည်ညွှန်း ကိုးကားသည့် စာအုပ်စာစောင်များ စာရင်း**

- **ကော်မရှင်၏ အသိပေးထုတ်ပြန်ချက်နှင့် အခြားအချက်အလက်များ**
- **TI website ပါအချက်အလက်များ**
- **Global Corruption Barometer 2020**

■

# ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**
**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**
**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧနှစ်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဧနှစ်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ခိုင်မာမှုနှင့် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့်အသုံးပြု နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာ အရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီ အများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေး ကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇)ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂)ကြိမ်၊ စုစုပေါင်း(၃၄)ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်(၃)ရပ် အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်**အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည် ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက် ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်း အဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့်အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ အမိတာရာမရဲကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ကန်မိန်းကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်း၏ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဆုရရှိသောအသင်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# Quad အဖွဲ့ဝင် မဟာမိတ်နိုင်ငံများအကြား အင်ဒို-ပစိဖိတ်အရေးနှင့် ယူကရိန်းအရေး ဆွေးနွေးပွဲကျင်းပ

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၁၁**

အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံများ မဟာမိတ်အဖွဲ့(Quad)မှ ထိပ်တန်းသံတမန်များသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်လာရေးနှင့် ယူကရိန်းအရေးတို့ကို ယနေ့တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အင်နန်အိတ်ချ်ကေ သတင်းအရ သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများသည် အင်ဒို-ပစိဖိတ် ဒေသအတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပင်လယ်ရေကြောင်းလုံခြုံရေး ဆိုင်ရာကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆွေးနွေးခဲ့ကြ**

အင်ဒို-ပစိဖိတ်ဒေသရှိ Quad အဖွဲ့ဝင်မဟာမိတ်နိုင်ငံများအကြား ပင်လယ်ရေကြောင်း ကူးသန်းသွားလာရေးနှင့် ကမ်းလွန်ဒေသများရှိ သယံဇာတများ သုံးစွဲနိုင်ရေးအပြင် တရားမဝင်ငါးဖမ်းခြင်းကဲ့သို့သော ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် မိမိတို့ဆွေးနွေးခဲ့ကြကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မေရာဆီပင်နီက ပြောကြားသည်။

လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီး ဟာရာရှိယိုရှိမာဆာက သန္ဓေဌာန်များကို ဆွေးနွေးဖက်နိုင်ငံများအကြား ချမှတ်နိုင်ခဲ့ပြီး လက်တွေ့ကျသော ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရာရှိယိုရှိမာဆာက ပြောကြားသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခြင်းဖြင့် Quad အဖွဲ့ဝင် မဟာမိတ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်ကလည်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားရန်**

အင်ဒို-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့အတွက် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဘာရာမန်ရန် ဂျိုင်ရှန်ကာက ပြောကြားသည်။ ယူကရိန်းနှင့်ထိစပ်နေသော နယ်စပ်ဒေသတွင် ရုရှားက တပ်ဖွဲ့ဝင်တစ်သိန်းခန့် ချထားခြင်းအား စိုးရိမ်ကြောင်း အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာသူ တာဝန်ရှိသူများက ပြောကြားခဲ့ပြီး Quad အဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲအား ဂျပန်နိုင်ငံ၌ ကျင်းပသွားရန် သဘောတူခဲ့ကြကြောင်း သိရသည်။

**ကိုးကား - အင်နန်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ပြည်ပရှိ ကမ္ဘောဒီးယားလုပ်သားများ ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ၂ ဒသမ ၈ ဘီလီယံ ပြည်တွင်းသို့ ပြန်လည်ပေးပို့ခဲ့

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၁**

၂၀၂၁ ခုနှစ်တွင် ပြည်ပရောက် ကမ္ဘောဒီးယားလုပ်သား ၁ ဒသမ ၃ သန်းသည် မိမိနိုင်ငံရှိ မိသားစုများထံသို့ ကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံခန့် ပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားအလုပ်သမားဝန်ကြီး အိုက်ဆန်ဟန်က ယနေ့ပြောကြားသည်။

အဆိုပါလုပ်သားများအနက် ၅၂၈၇၉၉ ဦးမှာ အမျိုးသမီးလုပ်သားများဖြစ်ကြောင်း အမျိုးသားလူမှုဖူလုံရေးရန်ပုံငွေဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် ၎င်းကပြောကြားသည်။

ယင်းကဲ့သို့ ပြည်ပဝင်ငွေများ ရှာဖွေပေးနိုင်ခြင်းသည် အဆိုပါလုပ်သားများ၏ မိသားစုအတွက်သာမကဘဲ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အကျိုးကျေးဇူးများဖြစ်လာစေကြောင်း ဆန်ဟန်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံမှ လုပ်သားအများအပြားသည် ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်လျက်ရှိပြီး တောင်ကိုရီးယား၊ မလေးရှား၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ဆော်ဒီအာရေဗျနိုင်ငံများတွင်လည်း လုပ်ကိုင်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၄၈၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၄၈၇ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ဒေသ ၆၂ ခု၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လာခဲ့ကြောင်း သိရသည်။ မြို့တော်ဟနွိုင်းသည် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ရာဗဟိုဒေသဖြစ်လာပြီး ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၈ ဦးတွေ့ရှိရကာ နိုင်ငံအလယ်ပိုင်း ဌါအန်းပြည်နယ်တွင် ၁၅၀၁ ဦးနှင့် မြောက်ပိုင်းဟိုင်ဒေါင်ပြည်နယ်တွင် ၁၄၄၇ ဦး တွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၃၁ ဒသမ ၁ သန်းအား ကာကွယ်ဆေး အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၅၇၁၇၀၀၊ အဆိုပါရောဂါကြောင့်သေဆုံးသူ ၃၈၇၈၄ ဦးနှင့် ရောဂါမှပြန်လည်သက်သာလာသူ ၂၂၁၂၆၆၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၀၇၂၄၀၇၁၃ | ဦး |
| သေဆုံးသူ | ၅၈၁၁၆၀၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၂၇၃၂၅၂၀၈ | ဦး |

# အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၂၄ ခုနှစ်မှစတင်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစားထိုးအသုံးပြုမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၁**

အိန္ဒိယနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၂၄ ခုနှစ်မှ စတင်၍ ဒီဇယ်ဆီအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်း အိန္ဒိယလျှပ်စစ်ဝန်ကြီး အာကေဆင်းက ယနေ့ပြောကြားသည်။ အဆိုပါ ရည်မှန်းချက်အရ နိုင်ငံအတွင်း စိုက်ပျိုးရေးကဏ္ဍတွင် ဒီဇယ်ဆီသုံးစွဲမှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ စွမ်းအင်ဆိုင်ရာရည်မှန်းချက်များနှင့် ပတ်သက်သော ယခုဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်းရှိ လက်ရှိသုံးစွဲနေသော လျှပ်စစ်စွမ်းအင်များအား ချေတာ၍ ထိရောက်သောနည်းလမ်းများဖြင့် သုံးစွဲသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား ၎င်းက ထပ်လောင်းပြောကြားသည်။

ခေတ်မီတိုးတက်သော အိန္ဒိယနိုင်ငံဖြစ်လာစေရန်အတွက် ခေတ်မီသော လျှပ်စစ်ဓာတ်အားပေးစနစ်များရှိရမည်ဖြစ်ပြီး ၎င်းရည်မှန်းချက်အောင်မြင်စေရန်အတွက် ဗဟိုနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဆွေးနွေးပွဲအတွင်း နိုင်ငံ၏ရည်မှန်းချက်ဖြစ်သော ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ပြည်နယ်များ၌ စွမ်းအင်ချေတာသုံးစွဲရေးရည်မှန်းချက်များထားရှိရေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) တက္ကသိုလ်တည်ထောင်သည့် (၁၀)နှစ်ပြည့် အခမ်းအနားကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) တက္ကသိုလ်တည်ထောင်သည့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၀ ရက်ထိ ကျင်းပခဲ့သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ စာတမ်းရှင် ၂၁ ဦးက ဒေသအကျိုးပြုစာတမ်း ခုနစ်စောင်၊ ဘာသာရပ်အကျိုးပြုစာတမ်း ၁၀ စောင်၊ တက္ကသိုလ် အကျိုးပြုစာတမ်းလေးစောင် တင်သွင်းဖတ်ကြားခဲ့ပြီး သဘာဝတိများအဖြစ် တက္ကသိုလ်အသီးသီးမှ အငြိမ်းစားပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အငြိမ်းစားပါမောက္ခများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ပြီး တက္ကသိုလ်ရှိ ဆရာ ဆရာမများက ဘွဲ့နှင်းသဘင်ခန်းမတွင် ကိုဗစ်-၁၉ စည်းကမ်း သတ်မှတ်ချက်များနှင့် အညီ တက်ရောက်ကြသည်။

ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက သုတေသနသည် တက္ကသိုလ် ၏ အသက်သွေးကြောဖြစ်ကြောင်း၊ ရလဒ်များသည် လုပ်ငန်းရှင်များ၊ သုတေသီများနှင့် သင်ကြားရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ ယခုတင်သွင်းသည့် စာတမ်းများကို plagiarism စစ်ဆေးစိစစ်ထားကြောင်း၊ ယခု (၁၁)ကြိမ်မြောက် စာတမ်းဖတ်ပွဲ အထိ စာတမ်း ၁၅၄ စောင်ဖတ်ကြားနိုင်ခဲ့ပြီး သုတေသနဂျာနယ် ၁၁ စောင် ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ Myanmar University Research Conference တွင် စာတမ်း ကိုးစောင်၊ Korea Myanmar Research Association မှ ထုတ်ဝေသည့် Journal တွင် စာတမ်း ၁၃ စောင်၊ Meral Portal တွင် uploading paper ၅၄ စောင်တင်သွင်းနိုင်ခဲ့ကြောင်းပြောကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်တည်ထောင်သည့်နေ့ (၁၀)နှစ်ပြည့်မြောက်သည့် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အန္တရာယ်ကင်း ပရိတ်တရားများ နာကြားခြင်း၊ ထူးချွန်ဝန်ထမ်းများဂုဏ်ပြုချီးမြှင့်ခြင်း၊ ဝန်ထမ်းများအား အမှတ်တရလက်ဆွဲအိတ်များပေးအပ်ခြင်း၊ နယ်မြေနှင့် အကူအစောင့်ဝန်ထမ်းများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်ခြင်းတို့ကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation(Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000"ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point-A မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၃ ဒသမ ၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၄၀ စက္ကန့်၊ Point-B မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂ ဒသမ ၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၂၀၂ စက္ကန့်၊ Point-C မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၁၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ ဒသမ ၁၅၉ စက္ကန့်နှင့် Point-D မြောက်လတ္တီတွင် ၁၈ ဒီဂရီ ၃၉ မိနစ် ၅၁ ဒသမ ၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆ ဒသမ ၉၈၈ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပဲခူးမြို့နယ် ဇလပ်ထော်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်

**ပဲခူး ဖေဖော်ဝါရီ ၁၁**

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ်အတွင်းရှိ ဇလပ်ထော်ဆည်အတွင်းသို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားအား ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှျား ဦးဇော်မြင့်နိုင်၊ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်းထွန်း၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ သနပ်ပင်ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဇလပ်ထော်ဆည်အတွင်းသို့ ပဲခူးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀၊ သနပ်ပင်ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၆၀၀၀၀ စုစုပေါင်းကောင်ရေ ၄၁၀၀၀၀ တို့အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂုဏ်ပြုယာဉ်များ တပေါင်းကွင်းခ် ခင်းကျင်းပြသထားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ပါဝင်ပြသမည်ဖြစ်ပြီး အဆိုပါဂုဏ်ပြုယာဉ်များကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်လျက် နေပြည်တော် ဥပပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်းခ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ပြုလုပ်ရောင်းချမည့်အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မိဘပြည်သူများအနေဖြင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များကို လာရောက်လည်ပတ်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ၃၄သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ရောင်းချပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကုမ္ပဏီ ၁၈ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၃၆၃ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး နေ့စဉ် ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-ဖဖြ၄၀၇၅ဖစ၃၊ ၀၉-ဖဖြ၄၅ဖဖ၃၂၇၊ ၀၉-ဖစ၇ဖ၃၅ဖ၄၃၊ ၀၉-ဖ၇ဖ၃၂၀စ၂ဖ၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀ဖ၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**တိုင်းဒေသကြီး/ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၉၄ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၅၅ |
| ၃ | နေပြည်တော် | ၁၂ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၄၂ |
| ၅ | စစ်တွေတိုင်းဒေသကြီး | ၁၄ |
| ၆ | မန်တလေးတိုင်းဒေသကြီး | ၁ |
| ၇ | ကချင်ပြည်နယ် | ၂ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၁ |
| ၉ | ကရင်ပြည်နယ် | ၅ |
| ၁၀ | ကရင်နီပြည်နယ် | ၃၁ |
| ၁၁ | မွန်ပြည်နယ် | ၈ |
| ၁၂ | ရခိုင်ပြည်နယ် | ၂ |
| ၁၃ | ချင်းပြည်နယ် | ၂ |
| | စုစုပေါင်း | ၃၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ Catheter With Injection Porte and Wings အခု ၅၇၀၀၊ Folwy Ballon Catheter အခု ၂၀၀၀၊ Nasal Oxygen Cannula အခု ၁၈၈၀၀၊ ဆေးဝါးမျိုးစုံ ၃၇ မျိုး စုစုပေါင်း ၁၉၃၅၂ ဒသမ ၁၇ ကီလိုဂရမ်၊ နယ်စပ်(လွယ်ကူယ်) တွင် ကုမ္ပဏီ ၁၁ ခုမှ Disposable Face Mask ကီလိုဂရမ် ၈၄၇၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းချန် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၂၅ ဦး၊ တပ်ဖွဲ့ဝင် မိသားစု ၁၀ ဦးတို့ ဖေဖော်ဝါရီ ၁၁ ရက်က ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းကြစဉ်။ ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၇၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၀၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၆.၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၄၄,၂၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၄၃,၅၁၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၈၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၅,၈၁၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျေးဇူးတင်ယုံမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၄၁) ခု | (၁၉၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၄) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၀) ခု | (၄၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄) ခု | (၁၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၆၈) ခု | (၁၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၇၁) ခု | (၂၆၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၀၀၉) ခု | (၉၁၆) ဦး |
| **စုစုပေါင်း** | **(၂၄,၇၀၇) ခု** | **(၁,၆၀၇) ဦး** |

## ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၀၅၂၆၈၁ | ၄၉၄၃၅၅၃၈ | ၉၃၉၄၂၇ |
| ၂။ | အိန္ဒိယ | ၄၂၅၃၆၁၃၇ | ၄၁၃၃၁၁၅၈ | ၅၀၇၂၀၈ |
| ၃။ | ဘရာဇီး | ၂၇၁၂၅၅၁၂ | ၂၃၄၄၆၈၄၉ | ၆၃၆၁၁၁ |
| ၄။ | ပြင်သစ် | ၂၁၃၇,၂၂၇၈ | ၁၆၂၅၆၆၁၁ | ၁၃၄၂၀၇ |
| ၅။ | ဗြိတိန် | ၁၈၁၆၂၁၉၉ | ၁၅၆၈၁၃၃၅ | ၁၅၉၁၅၈ |
| ၆။ | ရုရှား | ၁၃၇၃၁၇၉၄ | ၁၁၀၂၁၆၃၃ | ၃၃၈၈၁၃ |
| ၇။ | တူရကီ | ၁၂၆၅၃၂၇၆ | ၁၁၇၅၅၉၁၇ | ၈၉၇၄၁ |
| ၈။ | အီတလီ | ၁၁၉,၃၆၃ | ၉၉၆၀၁၃၆ | ၁၅၀,၂၁ |
| ၉။ | ဂျာမနီ | ၁၁၈၉၇၀၀၂ | ၈၅၉၇,၃၀ | ၁,၀၁၉၆ |
| ၁၀။ | စပိန် | ၁၀၅၅၅၁၉၆ | ၇,၆၄,၆,၃ | ၉,၆၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄,၇၀၈၀၄,၃ | ၄,၅၅၀,၇,၇ | ၁၄,၄၉,၅ |
| ၂။ | ဖိလစ်ပိုင် | ၃,၆,၀,၆,၇ | ၃,၄,,,

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ ဟန်ဝင်းထွန်းသည် ၎င်းအသုံးပြုသည့် “Han Win Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နေ ဝတ်မှုံထွန်းသည် ၎င်းအသုံးပြုသည့် “Poineer Sushi Halal Food” Facebook Page၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ အကောင့်ပိုင်ရှင်(စိစစ်ဆဲ) သည် ၎င်းအသုံးပြုသည့် “KYAL Unifrom” Facebook Page၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ သုတအောင်သည် ၎င်းအသုံးပြုသည့် “Thuta Aung” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်နေ သက်ထွန်းကျော်သည် ၎င်းအသုံးပြုသည့် “သက်ထွန်းကျော်” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသည့် တရားခံကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးသည့် တရားခံကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ သန်းဇော်သိန်း၊ မသဇင်လှိုင်၊ လှိုင်သာယာမြို့နယ်နေ သန်းဇော်ဦးနှင့် မွန်ပြည်နယ် ရေးမြို့နယ်နေ ဒေါ်ဝတုတ်(ခ)ဝင်းစန်းတို့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ မောင် xxx ၂၂ နှစ်နှင့် ဦး xxx ၄၂ နှစ်တို့ကို မြိတ်မြို့တွင် ငါးပုစွန်ရွေးသည့်အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်သုံးသိန်းရမည်ဟု စည်းရုံးပြောဆို၍ ထိုင်းနိုင်ငံရှိ ငါးဖမ်းစက်ရုံများသို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် သန်လျင်မြို့မရဲစခန်းက (၀) ၂၄၆/၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(ခ) / ၃၂ ဖြင့် တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေး ဒေါ်ဝတုတ် (ခ)ဝင်းစန်းအား ဖမ်းဆီးပေးနိုင်ပါရန် မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်ဒေသ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေး၌ အကူအညီတောင်းခံခဲ့ရာ ထိုင်းနိုင်ငံမှ ဖမ်းဆီးရမိ၍ ပြန်လည်လွှဲပြောင်းပေးလာသဖြင့် ဖေဖော်ဝါရီ ၉ ရက်တွင် တရားခံ ဒေါ်ဝတုတ် (ခ)ဝင်းစန်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(ခ) / ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ **မွန်ပြည်နယ်မှ**

တံတားဌ အကြမ်းဖက်အဖွဲ့က အဆိုပါတံတား၏အလယ် ပေ ၂၀ ခန့် အကွာမှ လက်လုပ်မိုင်းတစ်လုံး၊ တံတားနှင့် ရှစ်ပေခန့်အကွာ သံလမ်းမှ လက်လုပ်မိုင်းနှစ်လုံးတို့ တစ်ပြိုင်တည်းဖောက်ခွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မီးရထားသံလမ်းဇလီဖားတုံး ၁၁ တုံး ပျက်စီးခဲ့သဖြင့် မီးရထားများ ဖြတ်သန်းသွားလာခြင်းများ ရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်လျက် ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မုပွလင်ဘူတာရုံပိုင်ကြီး ဦးစောနန်း ဦးစီးအဖွဲ့က မီးရထားများ ပြန်လည်သွားလာနိုင်ရေးအတွက် ပျက်စီးသွားသော ဇလီဖားတုံးများအား လဲလှယ်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကျွန်းသစ်၊ ကျောက်စိမ်းအရိုင်းတုံး၊ စားသောက်ကုန်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သထုံခရိုင် ကျိုက်ထိုမြို့နယ် အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၀၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ အဖွဲ့များသည် ကင်းလှည့်စစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော TOYOTA ISIS လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၅၀၀၀) အား သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ၔင်းအပြင် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ ဝေါမြို့နှင့် ရွှေသံလွင် Toll Gate အကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်တင်သွင်းလာသော စားသောက်ကုန်နှင့် အချိုရည်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၉၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးပိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၇ ဒသမ ၆၀၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၆၃၃၀) အား သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဖေဖော်ဝါရီ ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးရာ Honda Airwave Station Wagon အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) နှင့် ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ အချိုရည်ဖာ ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)စုစုပေါင်း အမှုတွဲနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ၔင်းအပြင် ဖေဖော်ဝါရီ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကင်းလှည့်စစ်ဆေးစဉ် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အိန္ဒိယနိုင်ငံထုတ် ဂျုံမှုန့်အိတ် ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအရိုင်းတုံး ၅၉၇ ဒသမ ၅၀ ဂရမ် (ခန့်မှန်းတန်ဖိုးစိစစ်ဆဲ) ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၉၊ ၁၀ နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၇၉၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 10

**ယခင်အပတ်က The more/less/er ... အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Not only... but also နှင့် Relative Pronouns အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Not only...but also (သာမက ... လည်းပဲ)

- ဝါကျနှစ်ကြောင်းတွင် မတူတာနှစ်ခုကို not only ... but also ဖြင့်ဆက်ပါ။
- ပုဒ်တူများကို တစ်ခုသာယူပါ။
- But also နောက်တွင်ရှိသည့် Subject ကိုကြည့်ပြီး Verb ကြိယာကို အနည်း၊ အများညှိရေးပါ။

**e.g.** Ko Ko is a doctor. Nyi Nyi is a doctor.

Not only _____.

**ဒီဝါကျမှာ ကိုကိုက ဆရာဝန်တစ်ယောက်ဖြစ်တယ်။ ညီညီက လည်း ဆရာဝန်တစ်ယောက်ဖြစ်တယ်။** လို့ပေးထားပါတယ်။ မတူတာတွေက ကိုကိုနဲ့ညီညီ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကို Not only ... but also နဲ့ဆက်ပါ။ ဒီတော့ အဖြေက Not only Ko Ko but also Nyi Nyi is a doctor. ဆိုပြီးရသွားပါတယ်။ Verb ကို ရေးတဲ့အခါမှာ but also အနောက်ကိုကြည့်တော့ ညီညီဖြစ်တဲ့အတွက် အနည်းကိန်းဖြစ်ပါတယ်။ တစ်ယောက်တည်းဖြစ်တဲ့အတွက် a doctor ကို အများကိန်းပြောင်းစရာမလိုပါဘူး။

Ko Ko is a doctor. Nyi Nyi is a doctor.

Not only Ko Ko but also Nyi Nyi is a doctor.

**e.g.** U Ba likes tea. He also likes coffee.

**ဒီဝါကျမှာ ဦးဘက လက်ဖက်ရည်ကြိုက်တယ်။ သူ ကော်ဖီလည်း ကြိုက်တယ်။** ဆိုပြီးပေးထားပါတယ်။ မတူတာနှစ်ခုက Object တွေ ဖြစ်နေတယ်။ ဒါဆို Subject၊ Verb တွေကို ပြန်ကူးရေးပါ။ ဒီတော့ အဖြေက U Ba likes not only tea but also coffee. ဆိုပြီးဖြစ်သွားပါတယ်။

e.g. Wai Mar goes to the monastery. Her sisters go to the monastery.

**ဒီဝါကျမှာ ဝေမာ ဘုန်းကြီးကျောင်းသွားတယ်။ သူ့ညီမတွေလည်း ဘုန်းကြီးကျောင်းသွားတယ်။** ဆိုပြီးပေးထားပါတယ်။ မတူတာတွေက ဝေမာနဲ့သူ့ညီမတွေပဲဖြစ်ပါတယ်။ သူတို့နှစ်ခုကို not only ... but also နဲ့ဆက်လိုက်တော့ Not only Wai Mar but also her sisters ဆိုပြီးဖြစ်သွားပါတယ်။ Verb ကြိယာကို အနည်းကိန်း၊ အများကိန်းညှိတဲ့အခါမှာ but also ရဲ့နောက်က her sisters အများကိန်းဖြစ်တဲ့အတွက် ၆၀ အများကိန်းပုံစံပြန်ရေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဖြေက Not only Wai Mar but also her sisters go to the monastery. ဆိုပြီးဖြစ်သွားပါတယ်။

e.g. Wai Mar goes to the monastery. Her sisters go to the monastery.

Not only Wai Mar but also her sisters go to the monastery.

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

### Not only ... but also

1. We gave him food. We also gave him shelter.
2. My friend is a good student. He is also a good footballer.
3. I sent him many letters. I also tried to telephone him.
4. They need food. They need medicine.
5. She was upset. She was angry.
6. In winter the days are short. They are cold and dark.
7. She can dance. She can sing.
8. We visit our grandfather's house in winter. We visit our grandfather's house in summer.
9. He has been late four times. He hasn't done any work.
10. She was weak in English. She was also weak in Maths.

Ans: 1. We gave him **not only food but also shelter.**

2. My friend is **not only a good student but also a good footballer.**
3. I **not only sent him many letters but also tried to telephone him.**
4. They need **not only food but also medicine.**
5. She was **not only upset but also angry.**
6. In winter the days are **not only short but also cold and dark.**
7. She can **not only dance but also sing.**
8. We visit our grandfather's house **not only in winter but also in summer.**
9. He **not only has been late four times but also hasn't done any work.**
10. She was weak **not only in English but also in Maths.**

++++++++++++++

### Relative Pronouns

- ဝါကျကို Who, whom, which, that တို့ဖြင့် အထူးပြုရေးသားခြင်းကို Relative Pronouns ဖြင့် ရေးသားခြင်းဟုခေါ်သည်။
- အထူးပြုလိုသည့်အရာသည်

| | |
|---|---|
| **လူ Subject (ပြုလုပ်သူ) ဆိုလျှင်** | **who/ that** |
| **အရာဝတ္ထု၊ တိရစ္ဆာန်ဆိုလျှင်** | **which / that** |
| **လူ Object (ခံရသူ) ဆိုလျှင်** | **whom / who/ that** |
| **ပိုင်ဆိုင်ခြင်းဆိုလျှင်** | **whose/ the noun of which** |
| **နေ့ရက်ဆိုလျှင်** | **on which** |
| **နေရာဆိုလျှင်** | **where** |
| **အချိန်ဆိုလျှင်** | **when** |

တို့ဖြင့် အထူးပြုရသည်။

- အပိုအချက်အလက် (extra information) ပေါင်းထည့်ပြီး အထူးပြုတဲ့သဘောဖြစ်ပါတယ်။

e.g. (1) I met a girl. She can cook well.

Ans (1) I met **a girl who can cook well.**

Ans (2) **The girl whom I met** can cook well.

**ရှင်းချက်။** ကျွန်တော် မိန်းကလေးတစ်ယောက်ကို တွေ့ဆုံခဲ့တယ်။ သူ ကောင်းကောင်းချက်ပြုတ်နိုင်တယ်။ ဆိုပြီး ဝါကျနှစ်ကြောင်းပေးထားတယ်။ ဆရာတို့က အချက်အပြုတ်တော်တဲ့ ကောင်မလေးတစ်ယောက်ကို ကျွန်တော်တွေ့ဆုံခဲ့တယ်ဆိုပြီး Ans (1) ပုံစံအတိုင်းရေးလည်းရတယ်။ ကျွန်တော်တွေ့ဆုံခဲ့တဲ့ကောင်မလေးက အချက်အပြုတ်တော်တယ်လို့လည်း Ans (2) အတိုင်း ရေးလို့ရတယ်။ Ans (1) ပုံစံက She က a girl ကို နာမ်စားသုံးထားတာဖြစ်တဲ့အတွက် a girl က Subject ဖြစ်ပါတယ်။ ဒါကြောင့် လူ Subject ဖြစ်လို့ who ခံပြီးအထူးပြုတာပါ။ Ans (2) ပုံစံက a girl က Object နေရာမှာရှိတဲ့အတွက် လူ Object ဖြစ်လို့ whom ခံပြီး အထူးပြုရေးခြင်းဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါ ဝါကျအရှေ့ထုတ်ပေးထားတဲ့စာသားအပေါ်မူတည်ပြီး သင့်တော်သလို အထူးပြုပြန်ရေးရမှာဖြစ်ပါတယ်။ I met ကို ရှေ့ထုတ်ထားရင် Ans (1) အတိုင်းဖြေပေါ့။ The girl ကို ရှေ့ထုတ်ပေးထားရင် Ans (2) အတိုင်းဖြေလိုက်ပေါ့။

e.g. (2) Ko Ko buys an expensive handset. His parents are rich.

Ans : Ko Ko **whose parents are rich** buys an expensive phone.

ရှင်းချက်။ ကိုကို စျေးကြီးတဲ့ဖုန်းတစ်လုံးဝယ်တယ်။ သူ့မိဘတွေက ချမ်းသာတယ်။ ဆိုပြီး ပေးထားတယ်။ ဆရာတို့က သူ့မိဘတွေချမ်းသာတဲ့ကိုကိုက စျေးကြီးတဲ့ဖုန်းတစ်လုံးဝယ်တယ်ဆိုပြီး ပြန်ရေးရမှာပါ။ ကိုကို ရဲ့မိဘများက ပိုင်ဆိုင်ခြင်းဖြစ်တဲ့အတွက် whose ကို ခံပြီး ရေးလိုက်တာပါ။ ဒါကြောင့် မေးခွန်းမှာ ပိုင်ဆိုင်မှုပြုဖြစ်တဲ့ my/our/your/their/his/her/its/ 's / s' တို့ပါလာရင် whose ခံပြီးအထူးပြုပါ။

e.g. (3) You met a man. He has three daughters.

Ans (1) You met **a man who has three daughters.**

Ans (2) **The man whom you met** has three daughters.

**ရှင်းချက်။** မင်း လူတစ်ယောက်ကို တွေ့ခဲ့တယ်။ သူ့မှာ သမီးသုံးယောက်ရှိတယ်။ ဆိုပြီးပေးထားတယ်။ ဒါကို ဆရာတို့က သမီးသုံးယောက်ရှိတဲ့လူကြီးကို ကျွန်တော်တွေ့ခဲ့တယ်။ ဆိုပြီး Ans (1) အတိုင်းရေးလို့ရသလို မင်းတွေ့ခဲ့တဲ့လူကြီးမှာ သမီးသုံးယောက်ရှိတယ် ဆိုပြီး Ans (2) အတိုင်းလည်းရေးလို့ရပါတယ်။ Ans (1) မှာ He က a man ကို နာမ်စားသုံးထားတာ၊ လူ Subject ဖြစ်တဲ့အတွက် a man ရဲ့နောက်မှာ who ခံပြီးရေးရပါတယ်။ Ans (2) မှာ a man က Object ဖြစ်တဲ့အတွက် whom ခံပြီးရေးရပါတယ်။

e.g. (4) The song is very good. It was written by Sai Khan Laik.

Ans: The song **which was written by Sai Khan Laik** is very good.

**ရှင်းချက်။** သီချင်းက အလွန်ကောင်းတယ်။ အဲဒီသီချင်းကို စိုင်းခမ်းလိတ် ရေးခဲ့တယ်။ ဆိုပြီးပေးထားပါတယ်။ ဒါကို ဆရာတို့က စိုင်းခမ်းလိတ်ရေးတဲ့သီချင်းက အလွန်ကောင်းတယ်ဆိုပြီး ပြန်ရေးရမှာပါ။ ဒီတော့ It က the song ကို နာမ်စားသုံးထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် The song က Subject ဖြစ်တဲ့အတွက် which/ that ခံပြီး ရေးရမှာပါ။

e.g. (5) The town is about 20 miles far from Yangon. We visited there last week.

Ans: The town **where we visited last week** is about 20 miles far from Yangon.

**ရှင်းချက်။** မြို့က ရန်ကုန်နဲ့ မိုင် ၂၀ ဝေးတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်သတ္တပတ်က အဲဒီမြို့ကို သွားခဲ့တယ်။ ဆိုပြီးပေးထားပါတယ်။ ဒါကို ဆရာတို့က ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်သတ္တပတ်က သွားလည်ခဲ့တဲ့မြို့က ရန်ကုန်နဲ့ မိုင် ၂၀ ဝေးတယ်ဆိုပြီး ပြန်ရေးရမှာဖြစ်ပါတယ်။ The town က နေရာဖြစ်တဲ့အတွက် where ခံပြီးရေးရမှာပါ။

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

1. Maung Myo is ill. He works at the bank.
   Maung Myo _____.
2. Mango is liked by almost all people in Myanmar. It is a tropical fruit.
   Mango _____.
3. We all like Daw Sein Kyi. She is a good teacher.
   We _____.
4. Zaw Lay bought a present from the Junction Supermarket. It is for his mother.
   The present _____.
5. The film wasn't very interesting. I watched it yesterday.
   The film _____.

**Ans:** 1. Maung Myo **who works at the bank** is ill.

2. Mango **which is a tropical fruit** is liked by almost all people in Myanmar.
3. We all like Daw Sein Kyi **who is a good teacher.**
4. The present **which Zaw Lay bought from the Junction Supermarket** is for his mother.
5. The film **which I watched yesterday** wasn't very interesting.

++++++++++++++++

## Grade 11 (စနစ်ဟောင်း)

**ယခင်အပတ်က Unit 14: HELEN KELLER သင်ခန်းစာအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Grammar patterns (The more/ less/er/…. (လေလေ…လေလေ)သင်ခန်းစာကို ဆက်လက်ဖော်ပြ သွားမှာ ဖြစ်ပါတယ်။**

### Grammar patterns

**The more…less…er … (…လေလေ … လေလေ)**

နှစ်ခု၊ နှစ်ကောင်၊ နှစ်ယောက် ယှဉ်ပြိုင်နှိုင်းယှဉ်တဲ့သဘောနဲ့ ဖော်ပြရန် The more.. the less… the er …. ပုံစံကို သုံးရသည်။ "လေလေ… လေလေ" ဟု ဘာသာပြန်ရသည်။

**ပုံစံ the D2 Subject Verb, the D2 Subject Verb**

- If/ When/ As စသည်တို့ကို ဖြုတ်ပါ။
- ဝါကျကို the နဲ့အစပြုပြီး the D2 Subject Verb ပုံစံပြောင်းရေးပါ။
- Much, many, a lot of, plenty of စသည်တို့ ပါလျှင် more ပြောင်းပါ။
- Little, not ပါလျှင် less ပြောင်းပါ။
- Subject သည် I, We, You, They, He, She, It နာမ်စားတွေပါနေ လျှင် Verb to be (am, is, are, was, were) ကို မဖြုတ်ရပါ။

**e.g. (1)** When my father is busy, he becomes impatient.

The busier my father, the more impatient he becomes.

**ရှင်းချက်။ အဖေ အလုပ်ရှုပ်တဲ့အခါ စိတ်မရှည်ဖြစ်လာတယ်** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က အဖေ အလုပ်ရှုပ်လေလေ၊ ပိုပြီး စိတ်မရှည် ဖြစ်လေလေ ဆိုပြီး ပြန်ပြောင်းရေးရမှာ ဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ဝါကျမှာ When ပါတဲ့အတွက် ဖြုတ်လိုက်ပါ။ busy (D1) ကို the D2 ပုံစံပြောင်း လိုက်တော့ the busier ဖြစ်သွားတယ်။ Subject Verb ပြန်ရေးလိုက်တော့ The busier my father is ဖြစ်သွားတယ်။ ဒါပေမယ့် verb to be (is) ကို Subject က my father ဖြစ်တဲ့အတွက် ဖြုတ်ပေးရပါမယ်။ ဒါကြောင့် The busier my father, ဖြစ်သွားပါတယ်။ နောက်ဝါကျပိုင်းမှာ impatient (D1) ကို D2 ပြောင်းလိုက်တော့ the more impatient ဖြစ်သွားတယ်။ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the more impatient he becomes. ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **The busier my father, the more impatient he becomes.** ဆိုပြီး ရသွားပါတယ်။

**e.g. (2)** If you want much, you get little.

The more you want, the less you get.

**ရှင်းချက်။ အများကြီးလိုချင်ရင် နည်းနည်းပဲရတယ်(သို့မဟုတ်) အလိုကြီး အရနည်း** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က များများလိုလေလေ၊ နည်းနည်းပဲရလေလေ။ ဆိုပြီး ပြန်ပြောင်းရေးရမှာဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ ဝါကျမှာ If ပါတဲ့အတွက် ဖြုတ်လိုက်ပါ။ much ကို the D2 ပုံစံပြောင်းလိုက် တော့ the more ဖြစ်သွားတယ်။ Subject Verb ပြန်ရေးလိုက်တော့ The more you want ဖြစ်သွားတယ်။ နောက်ဝါကျပိုင်းမှာ little (D1) ကို D2 ပြောင်းလိုက်တော့ the less ဖြစ်သွားတယ်။ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the less you get. ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **The more you want, the less you get.** ဆိုပြီးရသွားပါတယ်။

**e.g. (3)** When you work fast, you make more mistakes.

The faster you work, the more mistakes you make.

**ရှင်းချက်။ မြန်မြန်လုပ်တဲ့အခါ အမှားများတယ်** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က မြန်မြန်လုပ်လေလေ၊ အမှားများများလုပ်မိလေလေ။ ဆိုပြီး ပြန်ပြောင်းရေးရမှာဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ဝါကျမှာ When ပါတဲ့ အတွက် ဖြုတ်လိုက်ပါ။ fast (D1) ကို the D2 ပုံစံပြောင်းလိုက်တော့ the faster ဖြစ်သွားတယ်။ Subject Verb ပြန်ရေးလိုက်တော့ The faster you work ဖြစ်သွားတယ်။ နောက်ဝါကျပိုင်းမှာ more ရဲ့အနောက်က Noun ဖြစ်တဲ့ mistakes ကိုပါ တွဲပြီးအရှေ့ပို့ပါ။ ဒါကြောင့် the more mistakes ဆိုပြီးဖြစ်သွားပါတယ်။ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the more mistakes you make. ဆိုပြီးဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **The faster you work, the more mistakes you make.** ဆိုပြီးရသွားပါတယ်။

**e.g. (4)** He reads very little and he knows very little.

The less he reads, the less he knows.

**ရှင်းချက်။ သူ စာနည်းနည်ပဲဖတ်တယ်။ နည်းနည်းပဲသိတယ်။** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က သူစာဖတ်နည်းလေလေ၊ နည်းနည်းပဲ သိလေလေ။ ဆိုပြီး ပြန်ပြောင်းရေးရမှာဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ very little (D1) ကို the D2 ပုံစံပြောင်းလိုက်တော့ the less ဖြစ်သွားတယ်။ Subject Verb ပြန်ရေးလိုက်တော့ The less he reads, ဖြစ်သွားတယ်။ နောက်ဝါကျပိုင်း မှာလည်း very little (D1) ကို D2 ပြောင်းလိုက်တော့ the less ဖြစ်သွားတယ်။ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the less he knows. ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **The less he reads, the less he knows.** ဆိုပြီးရသွားပါတယ်။

**e.g. (5)** If you speak more English, you will become more fluent.

The more English you speak, the more fluent you become.

**ရှင်းချက်။ အင်္ဂလိပ်စကားများများပြောရင် ပိုပြီး ကျွမ်းကျင်လာမယ်။** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က အင်္ဂလိပ်စကား များများ ပြောလေလေ၊ ပိုပြီးကျွမ်းကျင်လာလေလေ။ ဆိုပြီး ပြန်ပြောင်းရေးရမှာ ဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ဝါကျမှာ If ပါတဲ့အတွက် ဖြုတ်လိုက်ပါ။ more English က D2 + Noun ဖြစ်ပြီးသားဖြစ်တဲ့အတွက် အရှေ့က the ပဲထည့်ပေးလိုက်ပါ။ ဒီတော့ The more English ဆိုပြီး ဖြစ်သွားတယ်။ Subject Verb ပြန်ရေးလိုက်တော့ The more English you speak ဖြစ်သွားတယ်။ နောက်ဝါကျပိုင်းမှာ more fluent ကို the ထည့်ပေး လိုက်တော့ the more fluent ဖြစ်သွားတယ်။ Subject Verb ပြန်ပေါင်း ထည့်လိုက်တော့ the more fluent you will become. ဆိုပြီးဖြစ်သွား ပါတယ်။ ဒါကြောင့် အဖြေက **The more English you speak, the more fluent you become.** ဆိုပြီး ရသွားပါတယ်။

**e.g. (6)** If the sentence is short, I understand well.

The shorter the sentence, the better I understand.

**ရှင်းချက်။ ဝါကျတိုရင် ကျွန်တော်ကောင်းကောင်းနားလည်တယ်။** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က ဝါကျတိုလေလေ၊ ကျွန်တော် ပိုပြီးနားလည်လေလေ။ ဆိုပြီး ပြန်ပြောင်းရေးရမှာဖြစ်ပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ ဝါကျမှာ If ပါတဲ့အတွက် ဖြုတ်လိုက်ပါ။ short (D1) ကို the D2 ပုံစံ ပြောင်းလိုက်တော့ the shorter ဖြစ်သွားတယ်။ Subject Verb ပြန်ရေး လိုက်တော့ The shorter the sentence is, ဖြစ်သွားတယ်။ ဒါပေမယ့် verb to be (is) ကို Subject က Noun ဖြစ်တဲ့အတွက် ဖြုတ်ပေးရပါမယ်။ ဒါကြောင့် The shorter the sentence, ဖြစ်သွားပါတယ်။ နောက်ဝါကျ ပိုင်းမှာ well (D1) ကို D2 ပြောင်းလိုက်တော့ the better ဖြစ်သွားတယ်။ ဒီနေရာမှာ မှတ်သားစရာက good/well ရဲ့ D2 က better ဖြစ်တယ် ဆိုတာပါ။ ပြီးတော့ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the better I understand. ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **The shorter the sentence, the better I understand.** ဆိုပြီး ရသွား ပါတယ်။

**e.g. (7)** It is better if you smoke less.

The less you smoke, the better it is.

**ရှင်းချက်။ သင် ဆေးလိပ်နည်းနည်းပဲ သောက်ရင် ပိုကောင်းတယ်။** ဆိုပြီး ပေးထားတယ်။ ဒါကို ဆရာတို့က သင် ဆေးလိပ်နည်းနည်းသောက် လေလေ ပိုကောင်းလေလေဆိုပြီး ပြန်ပြောင်းရေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ဝါကျပုံစံကို ဆီလျော်အောင် ဘာသာပြန်ကြည့်လိုက်တော့ နောက်ဝါကျပိုင်းကို အရင်ဆုံးပြန်ရေးရမှာဖြစ်တယ်။ မဟုတ်ရင် ပိုကောင်း လေလေ၊ မင်းဆေးလိပ်နည်းနည်းသောက်လေလေ ဆိုပြီးဖြစ်သွားပါ လိမ့်မယ်။ ဒီလိုမေးခွန်းမျိုးလာရင် သတိထားပါ။ ဆီလျော်အောင် ဘာသာပြန်ကြည့်တတ်ဖို့ လိုပါတယ်။ ပုံစံက The D2 Subject Verb, the D2 Subject Verb. ဆိုတော့ ပေးထားတဲ့ဝါကျမှာ If ပါတဲ့အတွက် ဖြုတ်လိုက်ပါ။ less က D2 ပုံစံဖြစ်ပြီးသားဖြစ်တဲ့အတွက် the D2 ပုံစံ ပြောင်းလိုက်တော့ the less ဖြစ်သွားတယ်။ Subject Verb ပြန်ရေး လိုက်တော့ The less you smoke. ဖြစ်သွားပါတယ်။ နောက်ဝါကျပိုင်းမှာ better က D2 ဖြစ်ပြီးသားဆိုတော့ the ပေါင်းထည့်လိုက်ပါ။ Subject Verb ပြန်ပေါင်းထည့်လိုက်တော့ the better it is. ဆိုပြီးဖြစ်သွားပါတယ်။ verb to be (is)ကို Subject က It နာမ်စားဖြစ်တဲ့အတွက် ဖြုတ်လို့ မရပါဘူး။ ပြန်ထည့်ပေးရပါမယ်။ ဒါကြောင့် အဖြေက **The less you smoke, the better it is.** ဆိုပြီးရသွားပါတယ်။

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

1. When I know her very much, I find her very selfish.
The more _____.
2. When you have much, you want much.
The more _____.
3. When you read much, you get wise.
The more _____.
4. When you do much exercise, you get fit.
The more _____.
5. As Nyi Lay eats more, he gets fatter.
The more _____.
6. He worked harder. He earned more money.
The harder _____.
7. As you get older, you get more aches and pains.
The older _____.
8. If you work harder, you will succeed more.
The harder _____.
9. It is better for you if you don't know much about the problem.
The less _____.
10. If we travel more quickly, we will reach our destination faster.
The more _____.

***Ans:***

1. *The more I know her, the more selfish I find her.*
2. *The more you have, the more you want.*
3. *The more you read, the wiser you get.*
4. *The more exercise you do, the fitter you get.*
5. *The more Nyi Lay eats, the fatter he gets.*
6. *The harder he worked, the more money he earned.*
7. *The older you get, the more aches and pains you get.*
8. *The harder you work, the more you will succeed.*
9. *The less you know about the problem, the better it is for you.*
10. *The more quickly we travel, the faster we will reach our destination.*

++++++++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍာကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝန့်၊ စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# နှမ်းထွက်

**ဆင်ဖြူကျွန်းအောင်သိန်း**

(၅-၂-၂၀၂၂ ရက်နေ့မှအဆက်)

ကိုဆေးရိုးက ခပ်ယွဲ့ယွဲ့ပြုံးလိုက်ရာက

“ဟိုတုန်းကဟာလည်း ဟိုတုန်းကဟာပဲ။ အခုလည်းအခုပဲကွ သာဝရ။ ရေမအောင်လို့ စပါးအထွက်ဆုတ်မယ်ဆိုတာကို သိနေလျက်နဲ့ လှေ့ရမလားကွ။ ဖြစ်နိုင်ရင် ယပ်တောင်မယပ်ချင်ဘူးကွာ။ ဒ့ါထက် ပိုပြီး ဖြစ်နိုင်ရင် ခဲတွေတောင် ကျုံးထည့်ချင်သေးတယ်”

“တော်ပါတော့ကွာ”

“စပါးထွက်က လျော့တဲ့အထဲမှာ ဆီတစ်ပိသာကို ရှစ်ကျပ် ဖြစ်သွားပြီကွ။ ဒါပေမဲ့ စပါးစေ့းက တို့လက်ထဲမှာ စပါးရှိတုန်းတော့ သုံးပိသာအစိတ်တင်း၊ သုံးပိသာထက် ပိုမရှိဘူးကွ။ ဆပ်စရာအကြွေးတွေကလည်း သောက်သောက်လဲ၊ ပေးရဆပ်ရမယ့် ဌာနတွေကလည်း မနည်း”

ကိုဆေးရိုး၏စကားက တတိတတိနှင့် ကျွံ၍ကျွံ၍လာလေသောကြောင့်

“ကိုင်းကွာ လာကြထကြ” ဟု ကိုဖိုးအုံးက စကားစကိုဖြတ်ပစ်လိုက်သည်။

“ထွန်းညီ ထိုးကွာ၊ ငါကျုံးပေးမယ်”

“ဟာကွာ မထိုးချင်ဘူး”

“ကိုင်း ကိုင်း၊ ကျွန်တော်ထိုးမယ်”

ဘည်နိုးက ဆန်ကောနှစ်ချပ်ကိုယူကာ စပါးပုံဆီထသွားလေသည်။ ကျန်လူများက ခေါင်းကို ပုဆိုးဖြင့်စည်းကာ ကောက်ရိုးမျှင်အနည်းငယ်ကို ချိုးလုံးပြီး ဆန်ကောနှုတ်ခမ်းတွင်ခုကာ ကိုင်လျက်ဝိုင်းနေလိုက်ကြ၏။

ကိုဖိုးအုံးက စပါးပုံအောက်ခြေကို ဆန်ကောတစ်ချပ်ဖြင့်ထိုးယူပြီး ဘည်နိုးကိုလှမ်းပေးသည်။ ဘည်နိုးက လက်နှစ်ဖက်ကို ခပ်လိမ်လိမ်ကလေးထားပြီး ဆန်ကောထဲမှ စပါးများကို လူအုပ်၏အလယ်သို့ ပစ်ကြဲလိုက်၏။ ညာဘက်လက်ပေါ်သို့ထပ်လျက် လိမ်နေသော ဘယ်ဘက်လက်သည် နေရာမှန်သို့ ပြန်ရောက်သွားရုံသာမက ညာဘက်လက်ကပင် လာရောက်လိမ်ထပ်နေပြန်သည်။ လက်နှစ်ဖက်၏လိမ်ထပ်ခြင်းအရှိန်သည် ဆန်ကောတွင်းရှိ စပါးစေ့များကို ချာချာလည်သွားစေ၏။ စပါးစေ့များသည် အလယ်တွင် အပေါက်ဖြစ်လျက် ဝဲကျသွားသည်။ ဆန်ကောကိုယ်စီနှင့်ရပ်နေသူများက စပါးနှင့် အတူပါလာသော အမှော်များ ငြိမ်ကျမသွားမီ ဆီးကြိုပြီး တအားကုန် ခပ်ထုတ်ပစ်ကြသည်။ လေဟာထဲတွင် အရှိန်ပြင်းစွာ လှုပ်ယမ်းနေသော ဆန်ကောများ၏အသံက ဗိုးခနဲ ဗိုးခနဲ မြည်နေ၏။ အမှော်များသည် လေဖြင့်လွင့်သွားကာ ဝင်းသန့်သော စပါးစေ့ကလေးများက လှပစွာ တင်ကျန်ရစ်ခဲ့သည်။ တစ်ချက်တစ်ချက်တွင် ပြင်းထန်သောလေအဟုန်ကြောင့် စပါးစေ့ကလေးများမှာ ဦးထောင်လုလု ကြွသွားလေ၏။

“ဖြည်းဖြည်းနဲ့မှန်မှန် ခပ်မြှောက်မြှောက်ကလေးထိုး”

ဘည်နိုးသည် ဆန်ကောအလွတ်ကို ကိုဖိုးအုံး၏ဘေးတွင် ပစ်ချလိုက်သည်။ ကိုဖိုးအုံးက အသင့်ကျုံးထားသော ဆန်ကောကိုပေးရင်းက ပြောလိုက်ရာ

“ထိုးစမို့ ကောင်းကောင်းမဝိုင်းဘူးဗျ”

“ဖြည်းဖြည်းတော့ ဝိုင်းမှာပေါ့ကွာ”

ဘည်နိုး၏လက်ထဲမှ ဆန်ကောသည် ဝိုင်းလည်လျက် အပေါ်သို့ မြှောက်တက်သွားရာက ပြန်ကျလာသောအခါ အလယ်တွင် အပေါက်ဖြစ်သွားသောစပါးစေ့များသည် ဖွားခနဲကျလာ၏။

“အဝိုင်းနည်းနည်းကြီးတယ်ပေ့”

အုန်းမောင်ဆိုသူက ပါးစပ်မှပြောရင်း တအားကျုံးခပ်လိုက်ရာ လက်ထဲမှဆန်ကောသည် လေကို ဒေါင်လိုက်ထိုးဖောက်ပြီး လက်ထဲမှ လွတ်ထွက်သွားသည်။ ကိုထွန်းညီမှာ ငုံ့ရှောင်လိုက်သောကြောင့် ဆန်ကောက တလင်းပေါ်သို့ ဒေါင်ခနဲကျသွားလေသည်။

“ချောစိန်တို့ကလည်းဟာ စလင်းဆန်ကောလေး ဘာလေး စုဆောင်းထားရောပေါ့”

အမှန်မှာ အုန်းမောင်လက်ထဲမှ လွတ်ထွက်သွားသော ဆန်ကောသည် စလင်းဆန်ကောဖြစ်၏။ စလင်းဆန်ကောသည် ဗြက်မာသောကြောင့် ဆန်ပြာလို့လည်းမကောင်း၊ စပါးယပ်ရာမှာ အသုံးမကျသောကြောင့် ရွဲ့ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် စလင်းဆန်ကောက စေ့းချို၏။ လူကြိုက်များပြီး ဗြက်ပျော့သော အုပ်သျှစ်ကုန်းဆန်ကောက စေ့းကြီးသောကြောင့် စေ့းချိုရာကိုသာ ဝယ်ယူသုံးစွဲသူများ၏။ ချောစိန်က လူပျိုတစ်ယောက်ကို ဟက်ဟက်ပက်ပက်စကားပြန်ပြောလျှင် သေတတ်သည်ဟူ၍များ မကျီးဒန်က သင်ထားသလားမသိ၊ မျက်စောင်းထိုး၍ ကြည့်ရှုသာ ကြည့်လိုက်၏။

“ဟန်ကြီးပန်ကြီးနိုင်လိုက်တာ”

အုန်းမောင်က ဆန်ကောကောင်းကောင်းတစ်ချပ်ကိုရွေးယူပြီး ချောစိန်အနားက ဖြတ်ပြန်လာရင်းက မကျေမနပ်ပြောသွားလေသည်။ ချောစိန်မှာ သူ့ကိုဒီလိုပြောရပါ့မလားဟု အသားတဆတ်ဆတ်တုန်နေခဲ့၏။ ချောစိန်ကို တစ်ခါလိုက်စကားပြောဖူးသော ထွန်းညွှန့်ကလည်း စပါးယပ်ရာက စောင်းအကြည့်တွင် အုန်းမောင်ပါးစပ်လှုပ်သွားသည်ကို မြင်လိုက်သောကြောင့် ရင်ထဲတွင် စလုံးစခုဖြစ်သွားသည်။

ထို့ကြောင့် အုန်းမောင်ကို အမျက်ထားသောမျက်လုံးဖြင့် စွေကြည့်လိုက်လေသည်။ စပါးယပ်သည့်ဘက်မှ တစ်ချီယပ်လိုက်တိုင်း

> **“မကျီးဒန်၏မျက်လုံးအစုံမှာ မျက်ရည်ဖြင့်ဝန်းခြယ်နေပါသည်။ ငါးဆယ်စိုက်ဆယ်ကေရှိသော လယ်တစ်ပွဲက စပါး ၂၀၀ သာ ထွက်ရာ တစ်ကေမှ စပါး ၂၀ သာထွက်သည်။ ဝမ်းစာဖယ်ထား၊ ကြွေးနှင့် အမတော်ကြေး လယ်စရိတ်မျှပင် မကျေပါကလား။ မကျီးဒန်က သရက်ပင်ခွကြားမှ ပုန်းမကြည်ရှင်မကို မော့ကြည့်သည်။ ရှင်မသည် တုတ်တုတ်မျှမလှုပ်။ မကျီးဒန်မှာ ထိန်းထားသည့်ကြားမှ မျက်ရည်များစီးကျလာ၏။ ကိုဆေးရိုး၏ရင်ထဲမှာမူ အဝယ်တော်နှစ်ယောက် ပစ်ထားခဲ့သော စီးကရက်တိုလို တမြည့်မြည့်လောင်ကျွမ်းနေ၏”**

အမှုန်များသည် ခုန်ကြွလာ၏။ ဘည်နိုးနှင့်ကိုဖိုးအုံးတို့၏ တစ်ကိုယ်လုံး ဝယ် အမှော်ဖြင့်ပိန်းနေလေသည်။ စပါးပုံကြီးမှာလည်း တစ်ခြမ်းလီးထားသော မုန့်စိမ်းပေါင်းကြီးလိုဖြစ်နေ၏။

“အောင်မယ် အောင်မယ်”

ထွန်းညွှန့်က စပါးပုံတွင်ကပ်နေသောအမျှင်ကို ယပ်ထုတ်နေသည်။ ကောက်ရိုးမျှင်က ကုပ်ကပ်နေသည်။ ထွန်းညွှန့်မှာနောက်ဆုံးတွင် “ကိုင်း တတ်နိုင်သေးလား”ဟုဆိုကာ လက်နှင့်ကောက်ယူပစ်လိုက်သည်။ စပါးပုံမှာ မြင့်ချွန်လာပြီဖြစ်သောကြောင့် အခြေပြန့်ပြီး အရပ်နိမ့်သွားစေရန် ခဏခဏဖြိုပေးနေရ၏။ ဖြိုပေးပြီးတိုင်းလည်း ထိပ်တွင်ချွန်နေစေရသည်။

မည်မျှဖြိုပေးသော်လည်း စပါးပုံက ကြီးလွန်းလာသောအခါတွင် လေကဆွဲတိုင်းမပါ။ ဆန်ကောကလည်း လွတ်လွတ်လပ်လပ် မယမ်းနိုင်တော့သောကြောင့်အမှော်မစင်တော့ပေ။ “ကိုင်းဟေ့ တစ်ပုံခွဲကြဦးစို့၊ နားကြဦး”

ကွမ်းစားသူကစား၊ ဆေးလိပ်သောက်သူကသောက်နေကြစဉ် ဘည်နိုးက ယပ်ပြီးသားစပါးပုံကို ကောက်ရိုးနှင့်အုပ်ပြီး ဖျာနှင့်ထပ်ဖုံးသည်။ ကိုဆေးရိုးက နောက်ထပ်ယပ်မည့်နေရာကို ပေတံမြက်စည်းဖြင့် လှည်းနေ၏။ မကျီးဒန်ကတော့ ဆေးလိပ်ကြီးအင့်ေသားနှင့် ပြုံးကြည့်နေသည်။

သူ၏ပါးစပ်က တတွတ်တွတ်ဖြင့် “စပါးထွက်အောင် ‘မ’ပါရှင်မ။ ‘မ’ပါ၊ ‘မ’ပါ” ဟုရေရွတ်နေသည်။ သူ၏ခေါင်းပေါ်မှ သရက်ပင်ခွကြားတွင် ပုန်းမကြည်တင်ထားသော ရွှေသီးအလှိုင်းကြီးက ဖြိုးအက်လျက်၊ ရွှေဝါရွက်များက လေလာတိုင်း လူးလွင့်နေကာ မပူနဲ့၊ စပါးထွက်အောင် ငါ‘မ’နေသတဲ့”ဟု ပုန်းမကြည်ရှင်မ၏ကိုယ်စား ပြောတော့သယောင် ထင်နေရစေ၏။

ဆွမ်းခံပြန်ချိန်တွင် စပါးယပ်၍ပြီးသွားလေသည်။ အချို့ကကိုယ့်တလင်းသို့ အမြန်ပြန်ပြေးကြ၏။ အချို့ကမူ နွားစာကျွေးရန် ခပ်ထားသောရေများဖြင့် မျက်နှာသစ်ကာ နှာခေါင်းထဲရှိ အမှော်များကို ဆေးထုတ်ပြီးနောက် ဝိုင်းဖွဲ့၍ လက်ဖက်ရည်သောက်နေကြ၏။

ဘည်နိုးက စပါးပုံနှစ်ပုံကို ဂျုတ်ဖြင့်ဆွဲပေါင်းနေသည်။ ကိုဆေးရိုးက တံမြက်စည်းဖြင့်လှည်းကျင်းနေ၏။ ဟိန်းနေသော စပါးပုံမှာ မားမားကြီးရှိနေသည်။

“သုံးရာကွာ၊ သုံးရာ”

“မရှိပါဘူးကွာ၊ လွန်ရောကျွံရော နှစ်ရာ့ငါးဆယ်ကွာ”

ကိုထွန်းညီနှင့် ကိုသာဝက လက်ဖက်ရည်ကိုပင်မသောက်နိုင်။ လက်သီးလက်မောင်းတန်းပြီး ငြင်းနေကြတော့၏။ ကိုဆေးရိုးကတော့ အခြေကိုခြေဖဝါးနှင့်တိုင်းပြီး အမြင့်ကိုခါးဖြင့် လျာထားတိုင်းဆ ပြီးကတည်းက နှစ်ရာကျော်ရင် ဆယ်တောင်းပဲဟု မှတ်ချက်ချလိုက်ကာ မသက်မသာ သက်ပြင်းရှိုက်လိုက်ရာ၏။ သို့ရာတွင် ကိုသာဝက သုံးရာ ဟု ငြင်းချက်ထုတ်လာပြန်သောအခါ သူ့မှာ ယောင်ဝါးဝါးဖြစ်သွားသည်။ ငါများ အတိုင်းမှားရော့သလားဟု ဖွိဟဖြစ်လာရ၏။

“သုံးရာကွာ၊ သုံးရာ”

“သာဝရာ၊ မင်း စွတ်စွတ်မငြင်းနဲ့”

“မငြင်းပါဘူးကွ။ သုံးရာမှ သုံးရာ၊ သုံးရာနဲ့တောင်မြည်သေး”

“ဟား ဟား ဟား”

ဝမ်းခေါင်းသံကြီးဖြင့် ရယ်မောသံလာရာဘက်သို့ ပြိုင်တူ လှည့်ကြည့်လိုက်မိကြသည်။ သူတို့၏နောက်နားတွင် ဘယ်အချိန်က ရောက်နေသည်မသိသော စပါးအဝယ်တော်နှစ်ယောက်သည် ပြုံးဖြီးဖြီးနှင့် တိုးလာကြကာ ခပ်ဝဝလူက ကိုသာဝကို လက်ညှိုးထိုးပြပြီး

“ခင်ဗျားမှန်းတာက ကျုပ်မှန်းတာနဲ့ နည်းနည်းပဲကွာတယ်”

“ဘယ်လောက်များကွာလို့လဲဗျာ”

“ကျုပ်က ငါးရာမှန်းတယ်”

ယင်းခပ်ဝဝလူသည် ကုတ်အင်္ကျီကို ဟဖြဲပြီး ယပ်ခတ်နေလိုက်ရာ

“ဟာ ကိုခင်မောင်၊ ဒီတစ်ခါ ခင်ဗျားလွဲပြီဗျ”

အဆိုပါ ကိုခင်မောင်ဆိုသူနှင့်အတူရောက်လာသော ခပ်ပိန်ပိန် ကိုဘလင်းဆိုသူက ပြောလိုက်ရာ ကိုခင်မောင်မှာ ချောစိန်လို အပျိုချောရှေ့တွင် သူ့အပေါ်လာပြီး လူလည်လုပ်သည်ဟုထင်ကာ မခံချင်သောမျက်နှာဖြင့် မေးငေါ့ကာ

“ဆိုစမ်းပါဦး ကိုယ့်လူရ” ဟု ပါးစပ်ကိုရွဲ့၍မေးလိုက်သည်။

“စပါးပုံက ကုန်းနည်းနည်းကျတယ်ဗျ။ ဒါကြောင့် လေးရာ့ငါးဆယ်လောက်ပဲရှိမယ်”

ကိုခင်မောင်က သရော်ရယ်ရယ်ပြီး စပါးပုံဆီသို့ ချဉ်းကပ်သွား၏။ သူ၏ခွာသံက တလင်းပြင်ဝယ် မြည်ဟည်းလာသည်။ မကျီးဒန်မှာ လယ်သမားထုံးစံ တလင်းထဲတွင် ဖိနပ်စီးသောအလေ့မရှိပါဘဲနှင့် ဖိနပ်ကြီးဖြင့် လျှောက်သွားသောသူကို ခံပြင်းသောမျက်စောင်းဖြင့် ထိုးကြည့်လိုက်သည်။ ကိုခင်မောင်၏ ခွာအောက်ဝယ် တလင်းပြောင်မြေမှာ အက်ကွဲကြေမွကုန်၏။

“ငါးရာပါ ကိုဘလင်းရာ။ ငါးရာက ဝမ်းတင်းတောင်မိုးမဖြစ်ပါဘူး”

သူ၏ဝမ်းတင်းမှာ တစ်ရာ့တစ်ဆယ်ကိုဆိုလိုသလား၊ တစ်တင်းကိုဆိုလိုသလား မသိရသော်လည်း ကိုသာဝတို့က ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေသည်။ မကျီးဒန်ကတော့ သူတို့မမြင်အောင် မျက်စောင်းခဲနေ၏။

“ဖိုးဖစ်ဖတီးပါ ကိုခင်မောင်ရာ၊ အရှုံးပေးစမ်းပါ”

“ဟဲ ဟဲ၊ ပြဿနာတစ်ရပ်ကို လက်တွေ့ဖြေရှင်းမှုဖြင့်သာ အဖြေထုတ်ရမယ် ကိုဘလင်းရဲ့။ ကိုင်း တစ်ဆယ်ပေးမယ်၊ ဘယ်သူ ခြင်မလဲဗျို့”

“ကျုပ်ခြင်မယ်”

ကိုသာဝက စွေ့ခနဲထလာရာ

“ဒါဖြင့်လုပ်ဗျာ”

စာမျက်နှာ ၂၁ သို့

**✪ စာမျက်နှာ ၂၀ မှ**

ကိုခင်မောင်သည် ကိုသာဝကိုလှမ်းပြောရာက ကိုဘလင်း ဘက်သို့ လှည့်သွားပြန်ကာ "တစ်ရာကြေးလောင်းမလား ကိုဘလင်း"ဟု မေးလေ၏။

"အိုး ရက်စ်၊ ဟဲ ဟဲ"

နွားမတန်းမကလေးတည်းဟူသော ချောစိန်ကို အကြောင်းပြုပြီး ကြက်ဆူပင် နွားသိုးနှစ်ကောင် ချိုသွေးကြရာ မကျီးဒန်တို့မှာ ကြားထဲမှ မနက်စာ အချောင်ငတ်လေသည်။ မကျီးဒန်မှာသိချင်ဇောကြောင့် ရင်တဖိုဖိုနှင့် ထမင်းကိုပင် မေ့နေရှာ၏။ ကိုခင်မောင်နှင့် ကိုဘလင်းမှာ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာကာ စပါးကျုံးပေးသောကိုထွန်းညံကိုလည်းကောင်း၊ တင်းတောင်းထဲသို့ လောင်းထည့်နေသော ကိုသာဝကိုလည်းကောင်း၊ စတုတ်တိုက်သည့် ကိုဖိုးအုံးကို လည်းကောင်း လမ်းသလားလျက် ကြည့်နေကြသည်။

"ချိုးဗျ"

"ရှစ်တောင်း"

ကိုသာဝကအော်လိုက် မကျီးဒန်က ချိုးလိုက်နှင့် ၁၉ လဲနှင့် ကိုးတောင်းသို့ကျသောအခါ စပါးပုံမှာကုန်သွားလေပြီ။ အကတ်အသတ်ကို ခြစ်ခြုတ်ပြီးခြင်လိုက်ပြန်ရာ တစ်တောင်းရသဖြင့် အလဲ ၂၀။ တင်းရေ နှစ်ရာဖြစ်သွားသည်။ ကြက်ဆူပင်နှစ်ပင်မှာ ရှက်ကိုးရှက်ကန်းနှင့် ငွေတစ်ဆယ်ပေးကာ ထွက်သွားကြ၏။

မကျီးဒန်၏မျက်လုံးအစုံမှာ မျက်ရည်ဖြင့်ဝန်းခြယ်နေပါသည်။ ငါးဆယ်စိုက်ဆယ်ဇကရှိသော လယ်တစ်ပွဲက စပါး ၂၀၀ သာ ထွက်ရာ တစ်ဇကမှ စပါး ၂၀ သာထွက်သည်။ ဝမ်းစာဖယ်ထား၊ ကြေးနှင့် အမတော်ကြေး လယ်စရိတ်မျှပင် မကျေပါကလား။ မကျီးဒန်က သရက်ပင်ခွကြားမှ ပုန်းမကြည့်ရှင်မကို မော့ကြည့်သည်။ ရှင်မသည် တုတ်တုတ်မျှမလှုပ်။ မကျီးဒန်မှာ ထိန်းထားသည့်ကြားမှ မျက်ရည်များစီးကျလာ၏။ ကိုဆေးရိုး၏ ရင်ထဲမှာမူ အဝယ်တော်နှစ်ယောက် ပစ်ထားခဲ့သော စီးကရက်တိုလို တမြည့်မြည့်လောင်ကျွမ်းနေ၏။ ။

**(ဆင်ဖြူကျွန်းအောင်သိန်း၏ "ကိုဆေးရိုး ဝတ္ထုတိုပေါင်းချုပ်" စာအုပ်မှ " နှမ်းထွက်" ဝတ္ထုတိုကို စာရေးသူ၏မိသားစု ခွင့်ပြုချက် ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ်(၇) ၌ မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်းလုပ်မိ၍ ဒုက္ခရောက်ရသည့် မောင်လူအေး အကြောင်းကို ရေးဖွဲ့ထားသည့် "မောင်လူအေးရဲ့ နောင်တ"မျက်နှာဖုံး ဇာတ်လမ်း၊ တပို့တွဲလ ၌ မြန်မာလူမျိုးတို့ နှစ်စဉ်ကျင်းပလေ့ရှိသော ထမနဲပွဲအကြောင်းကို သိရှိနိုင်စေရန် ဗဟုသုတ ရဖွယ် ရေးဖွဲ့ထားသည့် "တပို့တွဲလ ထမနဲပွဲ" သုတဆောင်းပါး၊ မုန့်ဖိုးများလိမ်ညာတောင်းကာ မိမိနှင့်မတည့်သော သရေစာမုန့်များ ဝယ်စားမိ၍ ဒုက္ခရောက်ရသော ပေါက်ကျော်အကြောင်းကို တင်ဆက်ထားသည့် "မုန့်ဖိုး မတောင်းတော့ပါ" နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေကောင်းကို ဖယ်ရှားကာမကောင်းသော မိတ်ဆွေကို ပေါင်းဖက်မိ၍ ဒုက္ခရောက်ရသော မျောက်လေး အကြောင်းကို ရေးဖွဲ့ထားသည့် "မျောက်နဲ့သရက်သီး" ပုံပြင်၊ ကလေးနှစ်ယောက်၏ ဟာသ ဖြစ်ဖွယ် အပြန်အလှန် ပြောဆိုကြပုံကို သရုပ်ဖော်ရေးဖွဲ့ထားသည့် "ကျွန်တော့်အဖေ" တစ်မျက်နှာကာတွန်း၊ လူကြီးသူမများ၏ ဆုံးမစကားကို နားမထောင်ဘဲ မိမိသဘောအတိုင်း ဆောင်ရွက်ခဲ့၍ ဒုက္ခရောက်ခဲ့ရသော နေလင်းညွှန့်တို့ညီအစ်ကိုအကြောင်းကို တင်ဆက်ထားသည့် "ရွာအပြန်" ဝတ္ထု၊ ကလေးတို့အနေဖြင့် ကြိုးစားလုပ်ကိုင်ပါက အောင်မြင်မှုများရရှိနိုင်ကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "ဆုရတီအောင်- ကြိုးစားခြင်း၏ ရလဒ်" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် အပျော်အပါးမမက်ဘဲ စာကိုသာ ဂရုစိုက်ကြိုးစားသင့်ပုံကို တင်ဆက်ထားသည့် "ဖိုးထူး ပါဝင်သော နောင်တ" နှစ်မျက်နှာကာတွန်း၊ Adjective နှင့် Adverb များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဥာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

**အေးပြည့် - စုစည်းသည်**

# ဟွန်ဘင်းနဲ့ လက်ထပ်တော့မှာဖြစ်ကြောင်း ဆန်းရယ်ဂျင် ထုတ်ဖော်ပြောကြား

တောင်ကိုရီးယားရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ မကြာမီမှာ မင်္ဂလာပွဲဆင်နွှဲဖို့ရာ စီစဉ်ထားကြောင်း ဆန်းရယ်ဂျင်က လတ်တလောမှာ ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၀ ရက်မှာ ဆန်းရယ်ဂျင်က သူ့ရဲ့မင်္ဂလာသတင်းကို လူမှုကွန်ရက်မီဒီယာ ပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာပါ။ ဆန်းရယ်ဂျင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သတို့သမီး၀တ်စုံတစ်စုံကို ဖော်ပြခဲ့ရင်း မင်္ဂလာပွဲပြုလုပ်တော့မှာ ဖြစ်ကြောင်း အသိပေးခဲ့တာ ဖြစ်ပါတယ်။



မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး ဟွန်ဘင်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဘက်ကလည်း တရားဝင်အတည်ပြုခဲ့ပါတယ်။ မင်းသားဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကိုချခဲ့ပြီး သူ့ရဲ့ ဒုတိယဘဝ တစ်ခုကို စတင်ဖို့ရာ အဆင်သင့်ဖြစ်နေကြောင်းလည်း ထည့်သွင်းဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ ကျော်ကြားတဲ့ တောင်ကိုရီးယား ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Crush Landing on You မှာ အတူတွဲဖက် သရုပ်ဆောင်ခဲ့ပြီး နောက် ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။ သူတို့နှစ်ဦးဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ချစ်သူတွေ ဖြစ်နေကြောင်း တရားဝင်အတည်ပြုခဲ့တာလည်း ဖြစ်ပါတယ်။

# ဗြိတိန်ဆုပေးပွဲမှာ ထူးချွန်ဆု သုံးဆု ဆွတ်ခူးခဲ့တဲ့ အဒဲလ်

ကျော်ကြားတဲ့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အဒဲလ်ဟာ လတ်တလော ကျင်းပခဲ့တဲ့ ဗြိတိန်ဆုပေးပွဲမှာ ထူးချွန်ဆု သုံးဆုဆွတ်ခူးနိုင်ခဲ့ပြီး ဆုပေးပွဲညမှာ အောင်မြင်မှုတွေ သိမ်းပိုက်နိုင်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲမှာ အဒဲလ်ဟာ သူ့ရဲ့တေးသီချင်း Eye on Me နဲ့ တစ်နှစ်တာ အကောင်းဆုံးတေးသီချင်းဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒုံ့အပြင် သူ့ရဲ့တေးအယ်လ်ဘမ် 30 ဟာလည်း တစ်နှစ်တာ တေးအယ်လ်ဘမ်ဆုရရှိခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး တေးသံရှင်ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဒကွီဏသီရိမြို့၊ ဒကွီဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒကွီဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(၃-၃၂၂၉၂)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်ဝင်းနွဲ့နွဲ့ဖေ(ဘ)ဦးခင်မောင်ဖေ [၉/မရမ(နိုင်)၀၀၉၅၀၈]အမည်ပေါက် နှစ်(၃၀)မြေဌားစာချုပ်မြေကွက်ကို ဒေါ်ဝင်းနွဲ့နွဲ့ဖေထံမှ မန္တလေး၊မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲအပ်စာအမှတ်-(၆၀၀/၂၀၂၁)(၂-၂-၂-၂၀၂၁)ရရှိထားသူ ဒေါ်အိဇင်ငြိမ်း(ဘ)ဦးစန်းမောင်[၉/မထလ(နိုင်)၁၇၄၉၃]မှ ဦးမင်းမင်းထွန်း (ဘ)ဦးတင်စိန် [၆/လလန(နိုင်)၀၀၀၉၀၀]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအဓိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ သဃီနီးကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်ပိုင်း)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၈၀/ခ+၃၈၁/က)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ်(၃၈၀/ခ+၃၈၁/က)၏ ဒုတိယထပ်(၃-လွှာ)(ခြေရင်း)ခန်း၊ အကျယ်အဝန်း (၁၉ ပေx ၅၄ ပေ)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကမ်းလှမ်းသူဖြစ်သော ဦးဇေယျာဟိန်းအောင်[၁၂/သဃက(နိုင်)၁၅၉၆၅]ထံမှ ကျွန်ပ်၏မိတ်ဆွေဖြစ်သူ ဦးအေးချမ်း[၉/အမဇ(နိုင်)၀၁၃၃၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း(B.A,B.Sc(Hons),DBL(Credit),PGDL,LLB(Q),LLM(1st year)**
**(Commercial Law),(WIPO)(Switzerland))**
**အထက်တန်းရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ်(၂၇)၊ အောင်သမြေအရှေ့(၁)လမ်း၊ ၇(အရှေ့)၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၉၄၀၉**

**❖ ညောင်ဦးမြို့နယ်မှ**

စပျစ်သီးနှံသည် မြန်မာမျိုးရင်းမရှိဘဲ ပြည်ပနိုင်ငံမျိုးရင်းများသာရှိပြီး စပျစ်မျိုးပေါင်း ၄၀ ကျော်ရှိကြောင်း၊ ရေရှိသည့် ဒေသတိုင်း စပျစ်သီးနှံ စိုက်ပျိုး၍ရကြောင်းသိရပြီး စမ်းသပ်စိုက်ပျိုးသည့်ဒေသများတွင် ရာသီဥတုဒဏ်ခံနိုင်သည့် အကြမ်းခံစပျစ်မျိုးများကိုသာ ဦးစားပေးစိုက်ပျိုးရန် မျိုးရွေးချယ်ပေးကြောင်း၊ စပျစ်စိုက်ပျိုးမှု ကျွမ်းကျင်လာလျှင် စျေးနှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများ မျှဝေပေးကြောင်း မြန်မာနိုင်ငံအနှံ့အပြား စပျစ်စိုက်ပျိုးနည်းမျှဝေပေးနေသည့် ရမည်းသင်းမြို့မှ ကိုမင်းဆက်ပိုင်က ပြောသည်။

**မျှော်လင့်နေကြ**

ပျိုးပင်များကို တစ်ပင်နှင့်တစ်ပင် ခြောက်ပေအကွာ ကျင်းတူးစိုက်ပျိုးရပြီး စတင်စိုက်ပျိုးသည့်လမှ ၁၀ လအကြာတွင် စတင်အသီးသီးကြောင်းသိရကာ ပထမဆုံးသီးသည့် အချိန်တွင် စပျစ်ပင်တစ်ပင်မှ စပျစ်သီး ငါးပိသာခန့် သီးကြောင်း၊ သုံးနှစ်သားမှ ငါးနှစ်သားစပျစ်ပင်တစ်ပင်လျှင် အသီး ၁၅ ပိသာမှ ပိသာ ၂၀ ထိသီးကြောင်း၊ စမ်းသပ်စိုက်ပျိုးသည့် စပျစ်ခင်းပိုင်ရှင်များ အသီးသီးအားကောင်းမွန်ခြင်းကြောင့် စျေးကောင်းရန်သာ မျှော်လင့်နေကြကြောင်း သိရသည်။

စပျစ်သီးနှံပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်ကာ နှစ် ၂၀ မှ နှစ် ၃၀ အထိ သက်တမ်းကြာရှည်ပြီး တစ်သီးသီးပြီးတိုင်း ကိုင်း၊ နွယ်များဖြတ်၍ ရောင်းချရကြောင်း၊ လေးလတစ်ကြိမ် အသီးဆွတ်ခူးရကာ အသီးစတင်ရင့်ချိန် ရေနိုင်နိုင်သွင်းရပြီး အသီးရင့်မှည့်ချိန်တွင် စတင်ဆွတ်ခူးရောင်းချရသည်။ လက်ပံခြေပေါ်အုပ်စုကျေးရွာများနှင့် သစ်ထောင့်ကျေးရွာအုပ်စု ကျေးရွာများတွင် Black Queen(BQ) စပျစ်မျိုးနှင့် အီတလီနံပါတ်(၃)မျိုးနှစ်မျိုး စတင်စိုက်ပျိုးခဲ့ကြသည်။ စတင်စမ်းသပ် စိုက်ပျိုးသည့်နှစ်မှာပင် အသီးသီးနှုန်းကောင်းမွန်ပြီး အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**ကိုထိန်**

**❒ လာနီညာမှ**

အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**

**ဥတုရာသီ တောကိုမှီ၏**

## မိခင်အမည်မှန်

နွားထိုးကြီးမြို့နယ်အ.ထ.က လုံးတော၊ ဒသမတန်းမှ မောင်ဟိန်းဇော်ထွန်း၏ မိခင်အမည်မှန်မှာ ခေါ်ကြင်ခိုင် [၉/နထက(နိုင်)ဝ၉၂၀ဖခ၉] ဖြစ်ပါကြောင်း။

**ခေါ်ကြင်ခိုင်**

## မိခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အ.ထ.ကလုံးတော၊ ဒသမတန်းမှ မဂျူလိုင်မိုး၏ မိခင်အမည်မှန်မှာ ခေါ်ရီရိုဝင်း [၉/နထက(နိုင်)၁၂၃ ၆ဝ၄] ဖြစ်ပါကြောင်း။

**ခေါ်ရီရိုဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အ.ထ.က လုံးတော၊ ဒသမတန်းမှ မောင်သန်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ချို [၉/နထက(နိုင်)၁၂၃ ၃၆၇] ဖြစ်ပါကြောင်း။

**ဦးတင်ချို**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးချစ်လွင် [၁၂/ဒဂန(နိုင်)ဝ၂၂၅၂၉] နှင့် ခေါ်ခင်နွယ်သန်း [၁၂/ဒဂန(နိုင်)ဝ၀၅၂၂၂] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ ဦးဝင်းမင်းအောင် [၁၂/ဗဟန(နိုင်)ဝ၈၃၇၂၀] သည် မိဘများ၏ သွန်သင်ပြောဆိုဆုံးမမှုများကို နာခံခြင်း မရှိသည့်အပြင် မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ပေါ်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အများအလယ်တွင် အရှက်ရစေခြင်းစသည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ကျူးလွန်ခဲ့၍ ၎င်းအား သွားရတွေ့သားအဖြစ် ကြေညာပြီး ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ထပ်လောင်းသိစေအပ်ပါသည်။ (စုစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဌေး(LL.B)**
**တရားလွတ်တော်ရှေ့နေ (စဉ်-၈၂၇၄/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝဝမ္ဗျဝန်(၂)လမ်း၊ ဝေ/တောင်ရပ်ကွက်၊**
**စစ်ချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၃၄၆၅**

## ခြံရောင်းမည် ပိုင်ရှင်ကိုယ်တိုင်

ပေ (၄၀x၆၀)
လှည်းကူးမြို့နယ်၊
ရန်ကုန်-ပဲခူးလမ်းမအနီး
(၅၈) သိန်း ညှိနှိုင်း
**Ph:09-795481505**

## "ဖခင်အမည်မှန်"

ကြိခင်းမြို့နယ်၊ အထက-ချင်းမြောင် Grade-4 ကျောင်းအမှတ်-(ဝ၀၃၉)မှ မဂျူးထည်ဝါ၏ ဖခင်အမည်မှန်မှာ ဦးညီလွင် [၁၄/ကခန(နိုင်)ဝ၈၁၆၁] ဖြစ်ပါကြောင်း။

**ဦးညီလွင်**

## ကွန်ဒိုတိုက်ခန်း ရောင်းမည်

ရန်ကင်း၊ မိုးကောင်းလမ်းမပေါ်ရှိ (1600)Sqft အကျယ်ရှိ (၄)လွှာ တိုက်ခန်း

**Ph:09-253288974**
**09-974585754**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ကမ္ဘောဧလမ်း၊ အမှတ်(၆၄/စ) တည်ရှိရာ၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရုံးကွက် အမှတ် (၃၆-ကေ)၊ မြေကွက် အမှတ် ၁၁၁-အက်ဖ/၄-၂ဘီ)၊ မြေပိုင်မြေ၊ အမည်ပေါက် ခေါ်ပေါ်လီ(၁၂/ကတတ(နိုင်)ဝ၁၆၉ ၇၇၂)မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် (ဇနီး)ခေါ်ပေါ်လီသည် (၁၉-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးမျိုးဝင်း [၁၂/ကတတ(နိုင်)ဝ၁၆၉ ၇၈]မှ တရားဝင် ခင်ပွန်းတော်စပ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော ခင်ပွန်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ၉-၁၂-၂၀၂၁ ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ယင်းမြေ၏ အမည်ပေါက် စာချုပ်ဖြစ်သော အရောင်းအဝယ်စာချုပ်အမှတ် (၁၉၇၃/၁၉၉၅)နှင့် အများပြင်စာချုပ်အမှတ် (၃၁၃/၁၉၉၅) တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ကမ္ဘောဧလမ်း၊ အမှတ်(၆၄/စ) တည်ရှိရာ၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရုံးကွက် အမှတ် (၃၆-ကေ)၊ မြေကွက် အမှတ် ၁၁၁-အက်ဖ/၄-၂ဘီ)၊ မြေပိုင်မြေ၊ အမည်ပေါက် ခေါ်ပေါ်လီ(၁၂/ကတတ(နိုင်)ဝ၁၆၉ ၇၇)မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် (ဇနီး)ခေါ်ပေါ်လီသည် (၁၉-၇-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးမျိုးဝင်း [၁၂/ကတတ(နိုင်)ဝ၁၆၉ ၇၈]မှ တရားဝင် ခင်ပွန်းတော်စပ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော ခင်ပွန်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ၉-၁၂-၂၀၂၁ ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ယင်းမြေ၏ အမည်ပေါက် စာချုပ်ဖြစ်သော အရောင်းအဝယ်စာချုပ်အမှတ် (၁၉၇၃/၁၉၉၅)နှင့် အများပြင်စာချုပ်အမှတ် (၃၁၃/၁၉၉၅) တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြမြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရုံးကွက်အမှတ်(၃၅)သမိုင်း၊ မြေကွက်အမှတ်(၁၀/ညှ)-၁A၊ ဧရိယာ(၀.၃၁၄)ဧက၊ မြေကွက်တည်နေရာ(၁၀/ညှ)-၁A အောင်မင်္ဂလာစျေးလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကိုကိုထွေး[၁၂/ဓနန(နိုင်)ဝ၁၅၉၅၇၀] အမည်ပေါက်၊ မြေပိုင်မြေ(၃/ခ) ထုတ်ပေးမြေအား အမည်ပေါက်ခင်ပွန်း ဦးကိုကိုထွေးသည် (၂၃-၈-၂၀၂၁)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီး၊ ခေါ်အေအေးသန်း[၁/စခန(နိုင်)ဝ၁၆၆ဝ၈]မှ ခင်ပွန်းဖြစ်သူ ဦးကိုကိုထွေးသည် ၎င်းကွယ်လွန်သည်အထိ ၎င်း၏တစ်ဦးတည်းသာ တရားဝင်ဇနီးဖြစ်သူ ခေါ်အေအေးသန်းတစ်ဦးတည်းနေ့သာ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ တစ်ဦးတည်းသော အမွေစားအမွေခံဇနီးဖြစ်သူ ခေါ်အေအေးသန်းမှ မြန်မာ့ဧလေထိုးတမ်း၃၀ခေနင့်အညီ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိသည်မှာမှန်ကန်ကြောင်း (၄-၁၀-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်-၁၁ဂုစ/၂၀၁၀(၇-၄-၂၀၁၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခေါ်အေအေးသန်းထံမှ GP အမှတ်-၁၀၅၃၉(၇-၁၂-၂၀၂၁)ဖြင့် GP ရရှိသူ ဦးကောင်းပြိမ်းကျော်[၁/သကတ(နိုင်)ဝ၆၀၁၉၉]၊ ခေါ်ဖြူပြောချစ်မြေကျော်[၁/မဂဒ(နိုင်)ဝ၄၄၇၄၂၆]တို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP၊ GP အတွက် ကျမ်းကျိန်လွှာတို့ကို ထပ်မံတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် ပစ္စည်းခွဲဝေခြင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧတောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ ဝဋ္ဌကာ (၅) လမ်း၊ တိုက်အမှတ် (ပ၁၆) (၆-လွှာ)၊ အခန်းအမှတ် (၆/A) အစရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်။

အထက်ဖော်ပြပါ လူနေတိုက်ခန်း၏ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းလွင် (၁၂/ရကန (နိုင်) ဝ ၂၈၁၉၂) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့မိတ်ဆွေမှ စရံငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးအောင်မျိုးမင်း | ခေါ်ခိုင်ခိုင်နု |
|---|---|
| ( B.Sc; H.G.P; R.L) | ( B.Com (Q)., R.L ) |
| တရားလွတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၉၉၇/စ၉) | (စဉ်-၂၂၄၃၂) |

ဖုန်း - 09-421018080

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်သုံးဆီများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| | (က) | ဒီဇယ်ဆီ | ၆၀၀၀၀ ဂါလန် |
| | (ခ) | ပရီမီယံဒီဇယ်ဆီ | ၂၅၀၀၀ ဂါလန် |
| | (ဂ) | ဓာတ်ဆီ(92 Ron) | ၆၄၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၄-၂-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၂-၂၀၂၂ရက် (၁၂:၀၀)နာရီနောက်ဆုံးထားရ၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ်(၁၇)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃ဒီ)၊ မြေကွက်အမှတ်(၅၀/ဘီ၃)၊ မြေအမျိုးအစား ဂရန်ရှိမြေပိုင်မြေ၊ အမည်ပေါက် ဒေါ်ခင်လှမြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် (မိခင်)ဒေါ်ခင်လှသည် (၃၀-၉-၂၀၁၉)ရက်နှင့် (ဖခင်)ဦးထွန်းအောင်သည် (၁၅-၈-၁၉၇၄) ရက်တို့တွင် ကွယ်လွန်ခဲ့ကြောင်း ဒေါ်ခင်လှနှင့်ဦးထွန်းအောင်တို့မှ (၁)ဒေါက်တာမြတ်စိုး၊ (၂)ဦးထွန်းမြင့်၊ (၃)ဦးမြတ်ကျော်၊ (၄)ဦးလှထွန်းတို့ (၄)ဦးကိုမွေးဖွားခဲ့ပြီး ၎င်းတို့ညီအစ်ကို (၄)ဦးအပြင် အခြားသားသမီးတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကတ္တီပေမွေးစားသားသမီးမရှိကြောင်း ဦးလှထွန်း[၁၂/ဗဟန(နိုင်)၀၇၀၃၁]နှင့် ဦးမြတ်ကျော်[၁၂/လမတ(နိုင်)၀၀၄၉၀၉]တို့မှ အမည်ပေါက်၏သားတော်စပ်ကြောင်းနှင့် တရားဝင်အမွေ ဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်ဆိုသည့် (၇-၁၂-၂၀၂၁)ရက် ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သား(၄)ဦးထဲမှ အမှတ်စဉ်(၁)ဒေါက်တာမြတ်စိုးသည် (၂၂-၇-၂၀၁)တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါက်တာသိန်းသိန်း[၁၂/ဗဟန(နိုင်)၀၈၂၁၆၂]မှ တရားဝင်ဇနီးဖြစ်ကြောင်းနှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိသည်မှာ မှန်ကန်ကြောင်း ကျိန်ဆိုသည့် (၂၉-၁၂-၂၀၂၁)ရက် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ ဒေါက်တာသိန်းသိန်းထံမှ GP အမှတ်-၂၇၄၈၅/၂၀၁၉ဖြင့် ဒေါ်ဝင်းမြတ်ခိုင်[၁/လမတ(နိုင်)၀၀၀၃၃၃]သို့ လွှဲအပ်သည့် GP၊ ယင်း GP မရုပ်သိမ်းကြောင်းနှင့်ပါဝါပေးသူသက်ရှိထင်ရှားနှိုးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍လည်းကောင်း၊ အမှတ်စဉ်(၂)ဦးထွန်းမြင့်သည် (၂၀-၃-၂၀၁၃)နေ့တွင် ကွယ်လွန်သဖြင့် ဦးထွန်းမြင့် ပိုင်ဆိုင်သည့်အစုကို ဇနီးဖြစ်သူ ဒေါ်အေးအေးသင်း(ခ)ပေါ်လီခင်[၁/ဗဟန(နိုင်)၀၈၂၆ဝ၇]မှ တရားဝင်ဇနီးဖြစ်ကြောင်းနှင့် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း နှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိသည်မှာ မှန်ကန်ကြောင်း ကျိန်ဆိုသည့် (၇-၁၂-၂၀၂၁)ရက် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ သေစာရင်းသွင်းမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အပိုင်ပေးစာချုပ်အမှတ်-၂၀၄၆/၁၉၅၆(စာချုပ်ရုံး လက်ခံမှန်) တို့ကိုတင်ပြ၍ ဦးမြတ်ကျော်၊ ဦးလှထွန်း၊ ဒေါက်တာသိန်းသိန်း၊ GP ဒေါ်ဝင်းမြတ်ခိုင်၊ ဒေါ်အေးအေးသင်း(ခ)ပေါ်လီခင်တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၀၊ မြေကွက်အမှတ်-၄၉၅+ ၄၉၆+ ၄၉၇+ ၄၉၈+ ၄၉၉+ ၅၀၀+ ၅၀၁ မြေကွက် (၇)ကွက်၏ ပိုင်ရှင် ဒေါ်ကေသီလတ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်များ၏ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)**
**အမှတ်-၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၅၁၈၁ ၀၁-၅၅၅၀၂၇၇၆**
**H.P ၀၉-၅၀၂၁၄၄၄၊ ၀၉-၄၅၅၀၂၁၄၄**

---

## အများသိစေရန်ကြေညာချက်

၁။ အမှတ်(၁၈၂/၁၉၄)၊ အနော်ရထာလမ်း၊ အမှတ်(၁၆၄/၁၇၀)၊ ဆူးလေဘုရားလမ်းနှင့် အမှတ်(၁၄၁/၁၅၉)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ အခန်းအမှတ်(10-F)၊ အကျယ်အဝန်း(၁၆၅၂)စတုရန်းပေ။

၂။ အမှတ်(၁၈၂/၁၉၄)၊ အနော်ရထာလမ်း၊ အမှတ်(၁၆၄/၁၇၀)၊ ဆူးလေဘုရားလမ်းနှင့် အမှတ်(၁၄၁/၁၅၉)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ အခန်းအမှတ်(10-B)၊ အကျယ်အဝန်း(၁၃၀၉)စတုရန်းပေ

တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း။

အထက်ဖော်ပြပါတိုက်ခန်းအား **"နိုင်ဂရှ(ပ)"** ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ထားသော အဆောက်အအုံရှိ ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဇေဝိနိုင်ဦး[၁၂/ဗဟန(နိုင်)၀၀၃၃၁၉] (ဥက္ကဋ္ဌ)မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျရှိင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စီစီဝင်း(အထက်တန်းရှေ့နေ)(စဉ်-၂၂၇၃၆)**
**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၇၈၂၂၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၁၂၃၃)၊ မြေအကျယ်အဝန်း ၀၊(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်နန်းညိုညိုဝင်း[၉/မရမ(နိုင်)၀၇၉၄၄၉]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်ကေကေနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** **အထက်တန်းရှေ့နေ (စဉ်-၅၃၃၄)**
**အမှတ်(၅၄-ခ)၊ သန္ဓာလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၆၅၃၊ ၀၉-၅၅ခ၀ခ၉ခ၁ခ၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဟားခါးလမ်း၊ မြေကွက်အမှတ်(၅၄၇/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်အည်ဆိုန်း[၁၂/ဥကတ(နိုင်)၀၇၃၁၈၆] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်ကေကေနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** **အထက်တန်းရှေ့နေ (စဉ်-၅၃၃၄)**
**အမှတ်(၅၄-ခ)၊ သန္ဓာလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၆၅၃၊ ၀၉-၅၅ခ၀ခ၉ခ၁ခ၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဟားခါးလမ်း၊ မြေကွက်အမှတ်(၇၄၇/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးတရုပ်ပု(EG-၁၂၂၂၈၅) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖခင် ကွယ်လွန်၍ ၎င်း၏အမွေဆက်ခံခွင့်ရှိသော သားများဖြစ်ကြသည့် ၁။ဦးထိန်ဝင်း[၁၂/ရကန(နိုင်)၀၄၇၃၃၃]၊ ၂။ဦးမြင့်သိန်း[၁၂/ရကန(နိုင်)၀၄၇၄၀၅]၊ ၃။ဦးဇေဝိဇေဝ[ဝ[ ၁/ရကန(နိုင်)၀၀၄ခ၁ခ၈]၊ ၄။ဦးညီညီထွေး[၁/ရကန(နိုင်)၀၈ခ၁ခ၉]တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်ကေကေနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** **အထက်တန်းရှေ့နေ (စဉ်-၅၃၃၄)**
**အမှတ်(၅၄-ခ)၊ သန္ဓာလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၆၅၃၊ ၀၉-၅၅ခ၀ခ၉ခ၁ခ၇**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဝဋ္ဌပဒေအမိန့်-၅၅) နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀၁

ဒေါ်အေးအေးမြင့် နှင့် ၁။ ဒေါ်ရှုကြည် ၂။ ဦးစိုးသိန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၂)၊ (၁၇)လမ်း၊ တိုက်အမှတ်(၁၂၈/၁၈၀)၊ အခန်းနှစ်ဖက်(၃၁၁/၃၁၂)နေ (၁)တရားပြိုင် ဒေါ်ရှုကြည်နှင့် (၂)တရားပြိုင် ဦးစိုးသိန်း(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်တို့အပေါ်၌တရားလိုက ကျူးကျော်နေထိုင်သူများအား ဖယ်ရှားနှင်ထုတ်ပေးစေလိုမှဟု လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်၊ (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်)နေ့ ဓနန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုရွှဲဆိုချက်ကို ထုချေရှုရင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ၊ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖြေပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရေနေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဧနန်ဝါရီလ (၃၁)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ မြေကွက်အမှတ်(၂၄၂/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေနှင့်နေအိမ်အား ပိုင်ဆိုင်သူများဖြစ်သော ဦးစိုးရန်ပိုင်[၁၄/ဟသတ(နိုင်)၂၀၇၇၇၉]နှင့် ဒေါ်အေးသီတာ[၅/ခတန(နိုင်)၀၁၄၈ဝ၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဝယ်ယူသူ ဦးသူရလင်း[၁/မရက(နိုင်)၁၆ဝ၆ဝ၅]မှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်နှင့် နေအိမ်အားရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများ ကျွန်ုပ်ထံသို့ကန့်ကွက်တင်ပြနိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းဆုံးသည်ထိ တိုင်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရလင်း** **ဒေါ်ဝင်ဂျင်းပ(LL.B)** **ဒေါ်ဖွန်မန်းဖွေး**
**[၁/မရက(နိုင်)** **အထက်တန်းရှေ့နေ** **LL.B,D.B.L,DL 101**
**၁၆၆၆၆၅]** **(စဉ်-၅၁၂၉၇/၅-၆-၂၀၁၉)** **WIPO(Switzerland)**
**အမှတ်(၂၄)၊ (၄)လွှာ၊** **အထက်တန်းရှေ့နေ**
**ကျောင်းကုန်း(၁)လမ်း၊** **(စဉ်-၃၄၉၇၉)(၃၀-၁၂-၂၀၁၀)**
**(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊** **အမှတ်(၁၆၇၄/ခ)၊ ပဒုမ္ဓာလမ်း၊**
**ရန်ကုန်မြို့။** **၁၀/တောင်(၁၄)ရပ်ကွက်၊**
**Ph:09-448543589** **သာကေတာမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-750941348**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တိုး၊ မြေကွက်အမှတ်-၂၄၈၊ (၀.၀၂၈)ဧက၊ မြေကွက်တည်ရေနရာ၊ ဒေါ်လှဝတီ(၁၂/ကမတ(နိုင်)၀၄၂၇ဝ၅)အမည်ပေါက်နေစဉ်(ဖခ)မြေကွက

ဗုဒ္ဓား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသာလှအောင်(ခ)ဦးဘာဘူကြီး

**စစ်တွေ၊ ရန်ကုန်**

**အသက်(၉၇)နှစ်**

(ဦးသာချမ်းဦး-ဒေါ်ဖြူမခိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဗိုလ်တေဇ (၂)လမ်း၊ အမှတ်(၁၃)နေ (ဒေါ်အေးမေ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သောင်းညွှန့်-(ဦးဦးသာဇံ)၊ ဒေါ်ခင်ခင်ညွှန့်-ဦးအေးသောင်း၊ ဒေါ်စောခင်-ဦးမောင်ထွိုး၊ ဦးထွန်းစံဝေ-ဒေါ်မတင်ရွှေ၊ (ဦးထွန်းအောင်ဇံ)၊ ဦးထွန်းမြင့်-ဒေါ်ချိုချို၊ ဒေါ်ပပ-ဦးအေးထွန်း၊ ဒေါ်မိမိ-ဦးစံအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုးရှင်သည် ၁၀-၂-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၆:၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမြင့်

**(ပုသိမ်အနောက်မြို့နယ်၊ ပါတီယူနစ်ကော်မတီဝင်**
**ပုသိမ်အနောက်မြို့နယ်၊ အလုပ်သမားအစည်းအရုံးအဖွဲ့ (အတွင်းရေးမှူး)၊**
**ဗဟိုအလုပ်သမားအစည်းအရုံး၊ ဗဟိုဦးစီးအဖွဲ့ဝင်၊**
**မြန်မာနိုင်ငံလူမှုဖူလုံရေး ဘုတ်အဖွဲ့ဝင်)**

**အသက်(၈၁)နှစ်**

ပုသိမ်မြို့နေ (ဦးဘအုန်း-ဒေါ်အေးမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တိုက်(၇၀)၊ အခန်း(၀၀၁)၊ မြတ်လေးလမ်း၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာနေ ဦးသူရကျော်စွာ(ခ) ဦးဟိန်းထက်အောင်-မစန်းစန်းမော်၊ ဦးအောင်ရကျော်စွာ- ဒေါ်ငွေးငွေးစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသန့်ရတနာသူ၊ မခန့်ခင်ခင်ကျော်၊ မဇင်ဇင်ငြိမ်းတို့၏အဘိုး၊ ဒေါ်သိန်းရှင်(အငြိမ်းစား ကျောင်းဆရာမ)၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၂-၂၀၂၂(အင်္ဂါနေ့) ညနေ ၆:၄၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ထိန်ပင်သုသာန်သို့ ကောင်းမွန်စွာပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၂၂(တနင်္လာနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တိုက်(၇၀)၊ အခန်း(၀၀၁)၊ မြလေးလမ်း၊ (၆)ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၄၁ (ဂ) နေ (ဦးဘဝင်း - ဒေါ်အေးတင့်) တို့၏သမီး၊ (ဦးကျင်မောင်-ဒေါ်တင်မြင့်) တို့၏ချွေးမ၊ (ဦးကျော်အောင်) ၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်ခင်မြမြ၊ ဦးဇော်ဝင်း - ဒေါ်ဟယ်လင်နှင်း၊ (ဗိုလ်မှူးတင်မောင်ဝင်း)-ဒေါ်သော်တာသန်း တို့၏အစ်မ၊ (ဦးဝင်းအောင်)၊ ဒေါ်စီစီအောင်၊ (ဦးလင်းအောင် - ဒေါ်မာမာကျင်)၊ ဒေါ်လီလီအောင်တို့၏ ကျေးဇူးရှင်မိခင်၊ ဒေါ်တင်အေးညွှန့်၊ ဦးခင်မောင်အေး တို့၏ကြီးမေ၊ ကိုကျော်လင်းအောင် - မသင်းသင်းဟန်၊ ကိုဇော်လင်းအောင်၊ မကေခိုင်လင်းအောင် တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၂-၂၀၂၂ ရက် ည ၉:၃၅ နာရီတွင် ရန်ကုန်မြို့ ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက် ၄၁ (ဂ) နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မေကြူ(ခ)ဒေါ်ဝေဝေချန်း

**အသက်(၆၉)နှစ်**

မြစ်ကြီးနားမြို့၊ မင်းရပ်(၈၀)နေ (ဦးချင်ချန်း-ဒေါ်ရင်ရှောင်လင့်)တို့၏သမီး၊ တောင်ကြီးမြို့နေ (ဦးသိန်းမောင်-ဒေါ်ကြင်မေ) ဇဝရက်တောင်ဆေးလိပ်ခုံတို့၏ သမီး ချွေးမ၊ ဦးမြသွင်(ခ)ဦးဖိုးတာဇ၏ဇနီး၊ ထက်အောင်ကျော်-နှင်းစံပယ်အောင်၊ ထက်ဆုဝေ၊ ထက်နုလင်းတို့၏မိခင်သည် ၇-၂-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၅)၊ ဂရင်းနဝဒေးကွန်ဒို၊ ၆ လွှာ၊ အခန်းအမှတ်(၆၀၃)အား ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ထွေး[၁၂/ဗတထ(နိုင်)၀၄၅၅၂]မှ တိုက်ခန်းကို မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အခြားသူတစ်ဦးအားပေးကမ်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်းစသည့် အရှုပ်အရှင်းများ ကင်းရှင်းပြီး အမွေဆိုင်များမရှိကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ် ဒေါ်ခင်မေဦး[၁၂/စခန(နိုင်)၀၃၁၉၅၆]မှ ထိုအခန်းကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ထိုအခန်းနှင့်ပတ်သက်၍ အမှန်တကယ် အကျိုးသက်ဆိုင် ပိုင်ဆိုင်ခွင့် အခွင့်အရေးရှိသည်ဟု အဆိုပြုသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကန့်ကွက်ရန် ကြော်ငြာသတင်းစာတွင်ပါရှိသည့်နေ့မှ (၇)ရက်ပြည့်မြောက်သည့်နေ့ နေ့ဝက်ဆုံးထားပြီး စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေဦး[၁၂/စခန(နိုင်)၀၃၁၉၅၆]**
**ဖုန်း-၀၉၅၁၈၆၈၃၃၊ ၀၉-၇၉၉၉၉၁၁၂**

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၇၇၆/ခ)၊ မြေကွက် တည်နေရာ အမှတ်(၇၇၆/ခ)၊ ခရေပင်လမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဒေါ်တင်ရွှေ (CE-၀၄၁၈၃၀)၊ အမည်ပေါက် နှစ်(၆၀) မြေဌား၊ဂရန်မြေအား ဂရန်မြေအမည် ပေါက် ဒေါ်တင်ရွှေ ယောကျ္မမ(မိခင်)၊ ဦးကြည် ယောကျ္မမ(ဖခင်)တို့ ကွယ်လွန်ပြီး၊ တစ်ဦးတည်းသောသားဖြစ်သူ ဦးသန့်ဇင်(ခင်ပွန်း)ဖြစ်သူမှာလည်း (၁၂-၁၁-၂၀၁၁)တွင် ကွယ်လွန်၍ ၎င်းတို့၏ ချွေးမ/ဇနီးဖြစ်သူ ဒေါ်လှလှကျင် [၁၂/ဒဂတ(နိုင်)၀၁၀၄၃၈]မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် တစ်ဦး တည်းသော ချွေးမ/ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁/၃၀၄၀/၂၀၂၁ (၂၅-၁-၂၀၂၁) အသိသက်သေ (၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ယောကျ္မမ၊ မိခင်/ဖခင်နှင့် ခင်ပွန်းဖြစ်သူ တို့၏ သေစာရင်း အိမ်ထောင်စုလူဦးရေ စာရင်း၊ ဂရန်မူရင်းတို့တင်ပြလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ/သွပ်မိုး (၁)ထပ်အိမ်ရှိပြီး ကိုယ်တိုင် နေထိုင်ကြောင်း တင်ပြ၍ ပိုင်ဆိုင် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှုနဲ့
အတူ
ဆက်လက်
ဆောင်ရွက်စို့

## ဒွါဒသမတိပိဋ္ဌကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇာတာဘိဝံသ မဟာထေရ်မြတ်အတွက် ဓမ္မသံဝေဂယူဝမ်းနည်းခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဒွါဒသမတိပိဋ္ဌကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တအဘိဇာတာဘိဝံသ မဟာထေရ်မြတ် သိက္ခာတော်(၃၄)ဝါ၊ သက်တော်(၅၄)နှစ်သည် (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်) ၇-၂-၂၀၂၂ (တနလင်္ဘာနေ့) ညနေ ၅:၄၉ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဘာမိုဂရက်(စ်)ဆေးရုံ၌ တစ်ဘဝခန္ဓာငြိမ်းတော်မူကြောင်း ကြားသိရပါသဖြင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ တိပိဋ္ဌကဓမ္မရက္ခိတအဖွဲ့ ကြီးမှ တပည့်ဒါယကာ၊ ဒါယိကာမများက သာသနာတော်ကြီးအတွက် ဆုံးရှုံးမှုတစ်ရပ်အနေဖြင့် နှမြောတသ ဝမ်းနည်းစွာဖြင့် သံဝေဂတရားများ ပွားများရပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

**တပည့် ဒါယကာ၊ ဒါယိကာမများ**
**တိပိဋ္ဌကဓမ္မရက္ခိတအဖွဲ့**
**ရွှေတိဂုံဘုရားအရှေ့ဘက်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

ဗုဒ္ဓား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးညွှန့်

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ (၁၃)လမ်း၊ အမှတ်(၉၉၃)၊ ပထမထပ်နေ (ဦးကျင်ရှိန်-ဒေါ်မြစိန်)တို့၏ သားကြီး၊ ဒေါက်တာသန်းဌေးနိုင်-ဒေါက်တာဘုန်းအောင်၊ ဒေါ်ခင်ဝင်းမြင့်-ဦးဇော်ဝင်း၊ ဦးမျိုးအောင်တို့၏ အစ်ကိုကြီး၊ ဒေါ်သန်းဆင့်၏ ခင်ပွန်း၊ ဦးနေမျိုးကျော်-ဒေါ်ငွေးငွေးဝင်း၊ ဒေါ်သူဇာ၊ ဒေါ်မင်းမင်းမျိုးလတ်-(ဦးမျိုးလွင်ထွန်း)၊ ဦးဇော်လင်းထိုက်၊ ဦးသီဟ-ဒေါ်မြတ်မွန်သင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ငါးယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး ဦးမျိုးညွှန့်သည် ၁၁-၂-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၄၆ နာရီတွင် အောင်ရတနာဆေးရုံ၌ ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၂-၂၀၂၂ (စနေနေ့) နံနက် ၉ နာရီတွင် ကျန်ရစ်သောရုပ်ကလာပ်အား ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း

**ညွှန်ကြားရေးမှူး(ဗြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာ၊ (၂၃)ရပ်ကွက်၊ ခရေမြိုင်လမ်းနေ (ဦးဗြိုး-ဒေါ်ယု)တို့၏သား၊ (ဦးဘညွှန့်-ဒေါ်အုံးခင်)တို့၏ သားသမက်၊ (ဒေါ်တင်တင်ဦး)၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးဖြူ၊ (ဦးနေဝင်း)၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်စိုးစိုးဝင်း-Mr.Tony Cole၊ ဒေါ်နုနုဝင်း-ဦးမြတ်ခိုင်၊ ဒေါ်ဆွေဆွေဝင်း-ဦးအေးမင်းဦးတို့၏ဖခင်၊ မသန္တာနေဝင်း-Mr.Bruce Cole၊ မမြသန့်ဦး၊ မခိုင်ပွန်ဦး၊ မောင်ကိုကိုဝင်းတို့၏အဘိုး၊ မသဘွာနေဝင်း(Jessica)၊ မောင်သန့်ဇော်နေဝင်း(Alex)တို့၏အဘိုးသည် ၁၀-၂-၂၀၂၂ ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမင်းအောင်သူ

**B.E(Civil)၁၉၈၂**
**အင်ဂျင်နီယာမှူးကြီး(ဗြိမ်း)၊ ပညာရေးဝန်ကြီးဌာန၊**
**အဆင့်မြင့်ပညာဦးစီးဌာန(နေပြည်တော်)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဝိတောက်မြိုင်လမ်း၊ အမှတ်(၁၀၈၀)နေ (ဦးတင်အောင်)-ဒေါ်သွန်ညွှန့်အေး တို့၏သားကြီး၊ (ဦးတင်မောင်ကြီး-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်မွေးမွေး၏ခင်ပွန်း၊ (ဦးအောင်မြင့်)-ဒေါ်ချိုချိုအောင်၊ ဦးမြင့်စိန်-ဒေါ်ယဉ်မေအောင်၊ ဦးဇော်လင်း-ဒေါ်မြင့်မြင့်အောင်၊ ဦးမင်းကျော်သူ-ဒေါ်ဝါဝါထွန်း၊ ဦးထွန်းနေအောင်-ဒေါ်ဝင်းအိသန်းတို့၏ အစ်ကိုကြီး၊ ဦးကျော်စွာသိမ်း-ဒေါ်အေးအေးတို့၏မောင်၊ မောင်ကျော်ဌေးသူ-မထက်ယသော်အောင်၊ မောင်လှမြင့်သူ-မဖုးပွင့်သူတို့၏ ဖခင်ကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ဦးကြီး၊ မြေးလေးယောက်၏အဘိုးသည် ၁၁-၂-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၂-၂၀၂၂ (တနင်္ဂနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၃၂၃၊ မြေကွက်တည်နေရာအမှတ်(၃၂)၊ သရက်ချောင်းလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျော်မြင့် (KTN-၀၆၉၉၀၄) အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးကျော်မြင့် ထံမှ အရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်အောင် [၁၂/ဥကတ(နိုင်)၀၁၈၇၃၇]မှ ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားရာ မြို့မြေစာရင်းတွင် ဦးကျော်မြင့်(KTN-၀၆၉၉၀၄)အမည်ဖြင့် နှစ်(၆၀)ဂရန်ထွက်ရှိပြီး ၎င်းလက်ဝယ်ရှိပါမစ်နှင့် ဌာနရှိ နှစ်(၆၀)ဂရန် လဲလှယ်မည့်စာရင်းတွင် ပါဝင်သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ် အုတ်ညှပ်အဆောက်အဦ (၁)လုံးတွင် ဦးမြင့်အောင် ကိုယ်တိုင်နေထိုင်ပြီး (၁)ထပ် အုတ်ညှပ်အဆောက်အဦတွင် တူမ ဖြစ်သူနေထိုင်ပါသည်။ ရပ်ကွက်/မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ငြာ ဆောင်ရွက်ခြင်းများပြုလုပ်ပြီး ပါမစ်မူရင်း(ဂရန်သစ်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂- ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁**

ဦးဟန်သန်းလွင် ၁။ ဦးကျော်ကျော်ဝင်း
၂။ ဒေါ်ညိုခ(ခ) မိုင်ပွန်ဇာ
၃။ ဒေါ်နူဘီ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိစုရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၂၁)နေ (၁) တရားပြိုင် ဦးကျော်ကျော်လင်း (ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်-၃၆(ဂ)နေ (၂) တရားပြိုင် ဒေါ်ညိုခ(ခ) မိုင်ပွန်ဇာ(ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိစုရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၅၃)နေ (၃) တရားပြိုင် ဒေါ်နူဘီ(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ(၁၂) အရ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်၊ (၁၃စဉ် ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်)နေ့၊ မွန်းမတည့်မီ ၁၁ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကိုယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူ ယူဆောင်လာရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၂-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ

**(သန့်သက်ဟိန်း)**
**ခုတိယမြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၃၂၃၊ မြေကွက်တည်နေရာအမှတ်(၃၂)၊ သရက်ချောင်းလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျော်မြင့် (KTN-၀၆၉၉၀၄)အမည်ဖြင့် နှစ်(၆၀)ဂရန်ရှိပြီး ၎င်းလက်ဝယ်ရှိပါမစ်နှင့် ဌာနရှိ နှစ်(၆၀)ဂရန် လဲလှယ်မည့်စာရင်းတွင် ပါဝင်သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ် အုတ်ညှပ်အဆောက်အဦ (၁)လုံးတွင် ဦးမြင့်အောင် ကိုယ်တိုင်နေထိုင်ပြီး (၁)ထပ် အုတ်ညှပ်အဆောက်အဦတွင် တူမ ဖြစ်သူနေထိုင်ပါသည်။ ရပ်ကွက်/မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ငြာ ဆောင်ရွက်ခြင်းများပြုလုပ်ပြီး ပါမစ်မူရင်း(ဂရန်သစ်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) စျေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

**အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ် စုစုပေါင်း ၃၄ ကြိမ်တွေ့ဆုံခဲ့ပါတယ်။**

**တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်းအကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ညောင်ဦးမြို့နယ်၌ စမ်းသပ်စိုက်ပျိုးသည့် စပျစ်သီးနှံများ အောင်မြင်ဖြစ်ထွန်း

**ညောင်ဦး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ် အုပ်စုနှင့် သစ်ထောင့်အုပ်စုတို့ရှိ ကျေးရွာများတွင် စပျစ်သီးနှံ စမ်းသပ်စိုက်ပျိုးကြရာ အသီးသီးနှုန်း ကောင်းမွန်ခြင်းကြောင့် ဆွတ်ခူးရောင်းချချိန် စျေးနှုန်း၊ စျေးကွက်ကောင်းမွန်ရန် မျှော်လင့်နေကြောင်း သစ်ထောင့်တောင် ကျေးရွာ စပျစ်စိုက်ပျိုးသည့် ဦးရန်နိုင်ထွန်းထံမှ သိရသည်။

**စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ❖**

## လာနီညာ အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ယခုလက်ရှိမှ မတ်လအထိ အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊

**စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ❒**

**ယနေ့** ဖတ်စရာ

### အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၂၄ ခုနှစ်မှစတင်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစားထိုးအသုံးပြုမည်

**စာမျက်နှာ » ၁၃**

### အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**စာမျက်နှာ » ၁၇**

### လေ့လာစရာ အင်္ဂလိပ်စာ

**စာမျက်နှာ » ၁၈၊ ၁၉**

## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်ရည်ရွယ်လျက် အကြမ်းဖက်သမားများက ရထားသံလမ်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်လျက် အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် မရမ်းကျေးရွာ မုပွလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွား ရထားလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းကျေးရွာ မုပွလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွားရထားလမ်း သံလမ်းကူးတံတားအမှတ် ၃၈ (ပေ-၄၀) သံဖရိန်

**စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ■**

ကြေးမုံ
၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက်
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့)
အထူးထုတ်

# စိန်ရတု ပြည်ထောင်စုနေ့

## (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

**ယုံကြည်မှုသည်သာ အဓိက၊**
**ယုံကြည်မှုမှ စည်းလုံးခြင်းသို့၊**
**စည်းလုံးခြင်းမှသည်**
**သွေးစည်းခြင်းသို့ . . .**

ဆောင်းပါး စာမျက်နှာ (၁)

# ယုံကြည်မှုသည်သာ အဓိက၊ ယုံကြည်မှုမှ စည်းလုံးခြင်းသို့၊ စည်းလုံးခြင်းမှသည် သွေးစည်းခြင်းသို့ . . .

**ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားတွေ တိုးတက်ဖို့အတွက် အတွေ့၊ မာန၊ အစွဲတွေနေရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စိတ်ဓာတ်တွေအစားထိုးပြီး ယုံကြည်မှုနဲ့ နားလည်မှုတွေသာ ကိန်းအောင်းလာမယ်ဆိုရင် စည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့ မခဲယဉ်းတော့ဘူးလို့ထင်ပါတယ်။ တစ်ဦးနဲ့တစ်ဦးရဲ့ ယုံကြည်နားလည်မှုတွေသာ ရင်ထဲနှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်သွားပြီဆိုရင်တော့ ဘယ်လိုမှ သွေးခွဲဖျက်ဆီးလို့မရတော့တဲ့ သွေးစည်းမှုအဆင့်ထိ ဦးတည်သွားပါတယ်။ လိုချင်တာက စည်းလုံးမှုတစ်ခုတည်း မဟုတ်၊ ခိုင်မာမြဲမြံတဲ့သွေးစည်းညီညွတ်မှုအထိ တည်ဆောက်ချင်တာ ဖြစ်ပါတယ်။**

**မိုးကောနိုင်**

**ငြိမ်းချမ်းရေး တည်ဆောက်နေချိန် ယခုလိုကာလမှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအားလုံး၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။**

**ငြိမ်းချမ်းရေးထက် အရေးကြီးတာ ဘာမှမရှိပါဘူး။**

စုစည်းညီညွတ်တဲ့ အင်အားနဲ့ဆိုရင် ဘယ်အရာမဆို ရင်ဆိုင်နိုင်မှာဖြစ်သလို ဘယ်လိုစိန်ခေါ်မှုမျိုးပဲဖြစ်ဖြစ် ကျော်လွှားနိုင်မယ်ဆိုတာ တထစ်ချယုံကြည်ပါတယ်။ လူဦးရေ ၅၄ သန်းနဲ့ မြေအကျယ်ပမာဏ ကမ္ဘာမှာအဆင့် ၄၀၊ အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားနိုင်ငံပြီးရင် ဒုတိယ မြောက် အကျယ်ဆုံးဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၂၆၁၂၈ ဧရိယာကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ စည်းလုံးညီညွတ်မယ်ဆိုရင် မဖြစ်နိုင်တဲ့အရာ ဘာမျှ ရှိမည်မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ လူ့စွမ်းအား အရင်းအမြစ်တစ်ခုကို ခိုင်မာတောင့်တင်းတဲ့ စည်းလုံးညီညွတ်မှုမျိုးမရှိဘဲ ဘယ်လိုမှမရနိုင်ပါ။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။

**စုစည်းညီညွတ်မှုအားနဲ့သာ**

ပထဝီနိုင်ငံရေးအရ အရေးပါပြီး မဟာဗျူဟာအချက်အချာကျကျပေးထားတဲ့ အားသာချက်ကို အမြော်အမြင်ရှိရှိ အသုံးချနိုင်ဖို့ ရှိသမျှ လူ့စွမ်းအား၊ ပညာစွမ်းအား အားလုံးကို ညီညီညွတ်ညွတ်နဲ့ စုစည်းထားဖို့ လိုအပ်နေပါတယ်။ အိန္ဒိယနဲ့ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းရဲ့အစပ်မှာ မေးတင်ထားတဲ့နိုင်ငံကို ဘယ်အင်အားကြီးနိုင်ငံကမှ လျစ်လျူရှုထားလို့ မရပါဘူး။

အင်အားကြီးနိုင်ငံတွေကြား သူတို့အချင်းချင်း စီးပွားရေးအတွက် စစ်ရေးသြဇာပြိုင်ဆိုင်ရင်း ကြားညှပ်ခံရတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာဆိုတာ စည်းလုံးညီညွတ်မှုပြိုကွဲရင် အင်အားကြီးတွေရဲ့ လွှမ်းမိုးမှုအောက်ကို အလွယ်တကူ ရောက်သွားနိုင်ပါတယ်။ သတိထားဖို့ပါ။ မိမိတို့မညီညွတ်ရင်တော့ မိမိတို့ရပ်တည်မှု ပျက်ယွင်းမှာဖြစ်သလို **"ခဲတစ်လုံးနဲ့ ၄က်နှစ်ကောင်ပစ်ပြီး"** အလုံးစုံပျက်သုဉ်းအောင် ကြိုးပမ်းဖို့ စောင့်နေတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ များစွာရှိနေတယ်ဆိုတာကို အထူးသတိချပ်ဖို့ လိုပါတယ်။

မြန်မာရဲ့အရေးပါမှုကို အင်အားကြီးနိုင်ငံအားလုံးက မျက်စိကျနေတယ်ဆိုတာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးက နားလည်သဘောပေါက်ထားကြရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အင်အားကြီးနှစ်နိုင်ငံအကြား အိန္ဒိယရဲ့ အရှေ့မျှော်မူဝါဒ အရရော၊ တရုတ်ရဲ့ ယူနန် ထွက်ပေါက်အတွက်ပါ မြန်မာဟာ အခရာကျနေတဲ့အတွက် ဖြစ်ပါတယ်။ ထို့ပြင် အာဆီယံအတွက်လည်း သူတို့ရဲ့ ထွက်ကုန်တွေကို တရုတ်နဲ့အိန္ဒိယ စျေးကွက်ပေါက်ဖို့က မြန်မာက အရေးပါနေပြန်ပါတယ်။ ဒါကြောင့် ဒီလောက် အချက်အချာကျတဲ့ မြန်မာနိုင်ငံဟာ နိုင်ငံကြီးတွေရဲ့ပစ်မှတ်ဖြစ်နေတာ မထူးဆန်းပါဘူး။ အရေးကြီးတာက ကျွန်တော်တို့ ပြည်ထောင်စုသားတွေ စည်းလုံးမှုနဲ့ ဥာဏ်အမြော်အမြင် ရှိဖို့ပါပဲ။

နွားကွဲရင်တော့ ကျားဆွဲခံရမှာ ဖြစ်ပါတယ်။

**စည်းလုံးညီညွတ်မှုမရှိက ဖြစ်လာမယ့် အကျိုးဆက်များ**

ပြည်တွင်းမညီညွတ်ပါက အကျိုးဆက် ဘာတွေ ဖြစ်သွားနိုင်ပါသလဲ။ မညီညွတ်က ပွတ်တိုက်မှုများပြီး အင်အားနည်းသွားမှာ သေချာပါတယ်။ အင်အားကြီးတို့ရဲ့ အနိုင်ကျင့် ဝင်ရောက်စွက်ဖက်တာခံရပြီး လူမျိုးပျောက်၊ နိုင်ငံမြေပုံပါ ပျောက်သွားပါလိမ့်မယ်။ နိုင်ငံကြီးတွေရဲ့ ကိုယ်ကျိုးကြည့်၊ အကွက်ချ၊ အဂ္ဂဗျူဟာ အောက်မှာ နိုင်ငံငယ်တွေဟာ ပျက်စီးလွယ်ပြီး ပြည်သူအားလုံး ဒုက္ခရောက်မှာ မလွဲဧကန်ဖြစ်ပါတယ်။ ကျွဲနှစ်ကောင် ခတ်တဲ့ကြား မြေစာပင်ဖြစ်ရမှာက မနေတတ်မထိုင်တတ်တဲ့ နိုင်ငံငယ်တွေပဲ ဖြစ်ပါလိမ့်မယ်။

စည်းလုံးညီညွတ်မှုမရှိရင် အေးချမ်းမှုနေရာမှာ ဆူပူမှုတွေ အစားဝင်လာပါမယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ အဆီးအတား ခိုင်ခံ့ရင် စစ်ပွဲတွေဝင်လာလို့ မရသလို စည်းကမ်းမရှိရင်လည်း ဥပဒေမဲ့မှုတွေများလာပါလိမ့်မယ်။ တိုက်ခိုက်မှုတွေနဲ့ သွေးချောင်းစီးမှုတွေ ဖြစ်လာနိုင်ပါတယ်။ အမျိုး၊ ဘာသာ၊ သာသနာအစော်ကားခံရပြီး လူမျိုးခြား ဘာသာ၊ သာသနာများရဲ့ ဝါးမျိုတာခံရနိုင်ပါတယ်။ လုပ်ကြံဇာတ်လမ်းတွေအောက်မှာ သစ္စာမရှိသူတို့ရဲ့ သစ္စာဖောက်တာ ကြုံတွေ့နိုင်ပါတယ်။ ပြည်တွင်းရေးနဲ့ ရုန်းကန်နေရတဲ့ နိုင်ငံတစ်နိုင်ငံအတွက် မညီညွတ်ရင် ကလိမ်စေ့ငြမ်းဆင် ယုတ္တိမတန်လုပ်ဇာတ်တွေအောက်မှာ အမှန်တရားဟာ ပျောက်ကွယ်ပြီး လူ့စွမ်းအားအရင်းအမြစ် သာသူတွေရဲ့ ကျူးကျော်စော်ကားခံရတာ၊ ဝင်ရောက်စွက်ဖက်တာကို ရင်ဆိုင်ရပါလိမ့်မယ်။ အင်အားကြီးနယ်ချဲ့တွေရဲ့ ခေါင်းပုံဖြတ်တာခံရပြီး နိုင်ငံရဲ့ အဖိုးတန်သယံဇာတတွေ ပျောက်ပျက်သွားပါလိမ့်မယ်။

သာဓကတွေ အများကြီးရှိခဲ့တဲ့ အတွက် ယနေ့မျက်မှောက်မှာ တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးကြဖို့၊ နိုင်ငံသားအားလုံး ညီညွတ်ကြဖို့ အထူးကို လိုအပ်နေပါတယ်။ ညီညွတ်မှုမရှိကြလို့ မြန်မာတွေ ထီးနန်းပျောက်ပြီး တစ်ပါးကျွန်ဘဝရောက်ခဲ့ရတဲ့ သာဓကတွေ၊ စည်းလုံးမှုမရှိ၊ အမြော်အမြင်နည်းတဲ့ ခေါင်းဆောင်တွေအောက်မှာ ခေတ်သစ်ကိုလိုနီပြုခြင်းခံရတဲ့ အီရတ်၊ လစ်ဗျာ၊ ဆီရီးယား၊ အာဖဂန်နစ္စတန်စတဲ့နိုင်ငံတွေ စသဖြင့် ပြည်တွင်းမှာရော ကမ္ဘာမှာပါ သင်ခန်းစာယူစရာတွေ အများကြီးရှိနေပါတယ်။ စည်းလုံးမှုမရှိ၊ တည်ငြိမ်အေးချမ်းမှုမရှိ၊ တရားဥပဒေစိုးမိုးမှု မရှိတဲ့ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ဘယ်လိုဒီမိုကရေစီမျိုးကိုမှ တည်ဆောက်ယူလို့မရဘူးဆိုတာ တွေ့မြင်ရပါလိမ့်မယ်။

**လက်ဆင့်ကမ်းမှုများ ချိတ်ဆက်ထားရန်လို**

ကျွန်တော်တို့ ယခုမျှော်မှန်းတောင့်တ ကြိုးပမ်းအားထုတ်နေတဲ့ စည်းလုံးညီညွတ်မှုဆိုတဲ့ အိပ်မက်ဟာ ကျွန်တော်တို့အတွက်ချည်းပဲ မဟုတ်ပါဘူး။ အနာဂတ်သားစဉ် မြေးဆက်တွေအတွက်လည်း ရည်ရွယ်ပါတယ်။ သူတို့အတွက်က ပို၍တောင်အဓိကကျပါတယ်။ ကျွန်တော်တို့ မစည်းလုံးလို့၊ ညီညွတ်မှုမတည်ဆောက်နိုင်လို့၊ မခိုင်မာ ပျက်စီးနေတဲ့ နိုင်ငံဖြစ်စဉ်

အထူးကဏ္ဍ [ ၈ ] သို့ »»

»» အထူးကဏ္ဍ [ ခ ] မှ

ကြီးကို မိမိတို့သားသမီးတွေထံ လက်ဆင့်ကမ်းလို့ သင့်တော်ပါ့မလား။ ညီညွတ်အောင် ကြိုးပမ်းကြခြင်းဖြင့်သာ မျိုးဆက်သစ်တွေအတွက် အမုန်းအာဃာတတွေ မကျန်ရစ်အောင် ချေဖျက်ပစ်နိုင်မှာ မဟုတ်ပါလား၊ စဉ်းစားစေချင်ပါတယ်။

အရည်အသွေးမြင့်မားတဲ့ ညှိနှိုင်းမှု စွမ်းပကားတွေနဲ့အတူ ပညာဥာဏ်ထက်မြက်တဲ့ မျိုးဆက်သစ်တွေကို မွေးဖွားပေးနိုင်အောင် ဆက်လက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အစွန်းရောက်လွန်းတဲ့ မျိုးချစ်စိတ်မျိုးမရှိအောင် ကိုယ့်နိုင်ငံရဲ့အနာဂတ်ကိုပုံဖော်မယ့် မျိုးဆက်သစ်တွေအတွက် စဉ်းစားဝေဖန်ဆင်ခြင်သုံးသပ်နိုင်တဲ့ စွမ်းရည်တွေ၊ သမိုင်းကိုသိဖို့နဲ့ မှီငြမ်းတိုက်မခံရဖို့ လေ့ကျင့်ဆောင်ရွက်ပေးရမယ့် အစီအစဉ်တွေ ရှိစေချင်ပါတယ်။ ညီညွတ်ခြင်းရဲ့တန်ဖိုးနဲ့အတူ ဒီမိုကရေစီစံနှုန်းတွေ လိုက်မီဖို့အတွက် ဥပဒေစည်းမျဉ်း စည်းကမ်းတွေအကြောင်းများစွာ လေ့လာသင်ကြားပေးရဦးမှာလည်း ဖြစ်ပါတယ်။

မငြိမ်းချမ်းနိုင်သေးတဲ့ အမိမြေ ပြည်ထောင်စုကြီးမှာ အလွှာအားလုံးဟာ ဒုက္ခနွံတွင်း သက်ဆင်းနေကြရဆဲ၊ အသက်တွေပေးနေကြရဆဲပါ။ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူတွေ၊ သံဃာတွေ၊ တိုင်းရင်းသား လက်နက်ကိုင်တွေ အားလုံးက ကိုယ့်နိုင်ငံသား၊ ကိုယ့်တိုင်းရင်းသားတွေပါပဲ။ ကြွေလွင့်နေတဲ့ လူ့အသက်တွေနဲ့အတူ ကြွေတဲ့သူက ကြွေနေပေမယ့် ဝေတဲ့သူက ဝေနေဆဲ၊ ပန်းပန်နေကြဆဲဆိုတာ မြင်နိုင်ရပါမယ်။

ဒီလိုအချင်းချင်း မညီညွတ်ဘဲ ရန်ဖြစ်နေ၊ သတ်ဖြတ်နေကြတာကိုက ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ လိုချင်တဲ့ အန္တိမရည်မှန်းချက်ဆိုတာ မြင်ရပါမယ်။ ပွဲလန့်တုန်း ဗျာထခင်းသူနဲ့ အစကတည်းက နိုင်ငံကို တစ်စစီပြိုကွဲပျက်စီးစေချင်တဲ့ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းတွေ၊ လက်ဝါးချင်းရိုက်စည်းဝါးကိုက်ပြီး ပြည်ထောင်စုကြီးကို ဖြိုခွဲလိုသူတွေရဲ့ အကြံအစည်တွေကို ရိပ်မိဖို့၊ သိနားလည်ကြဖို့ အချိန်တန်ပြီလည်း ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲ ကျင်းပစဉ်။

## စိုးရိမ်မှုတွေ မရှိစေလိုပါ

ဒီနှစ်ကငြိမ်းချမ်းရေးအတွက် အထူးနှစ်လည်းဖြစ်ပါတယ်။ Road Map တွေ၊ ဦးတည်ချက်တွေမှာ ငြိမ်းချမ်းရေးလမ်းစကို အလေးအနက်ထား အတိအလင်းဖော်ပြပြီးသား၊ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ခွာဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်ပေးပြီးသား ဖြစ်ပါတယ်။ အချင်းချင်းယုံကြည်ကြဖို့ပဲလိုပါတယ်။ နားလည်မှုပေးကြဖို့ပဲ လိုပါတော့တယ်။ ယုံကြည်မှုကသာ ပျက်စီးနေတဲ့ ဆက်ဆံရေးတွေကို ပြန်ကောင်းလာအောင် လုပ်ပေးနိုင်မယ်ဆိုတာ အားလုံးက လက်ခံပြီးသားဖြစ်ပါတယ်။ ငြိမ်းချမ်းမှသာ ဆုတ်ယုတ်နေတဲ့ စီးပွားရေးကို ပြန်ပြီးဦးမော့အောင် လုပ်ပေးနိုင်မယ်၊ ကိုယ့်ပြည်နယ်ရဲ့ဖွံ့ဖြိုးမှုတွေ ဇောက်ချလုပ်နိုင်မယ် ဆိုတာကို လည်း ခံယူပြီးသားဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှုတွေ၊ နားလည်မှုတွေ ထားရမယ့်အစား အတ္တတွေ၊ မာန်မာနတွေ၊ တလွဲအတွေးတွေ ပုဂ္ဂိုလ်စွဲ အယူစွဲ ဒေသစွဲ စတဲ့အစွဲတွေများစွာ ဖုံးလွှမ်းနေလို့သာ ငြိမ်းချမ်းရေးကနောက်ကျနေတာ ဖြစ်ပါတယ်။

ယုံကြည်မှုရဲ့ဆန့်ကျင်ဘက်က စိုးရိမ်မှုပါ။ အဆိုးဘက်ဦးလှည့်သွားနိုင်ပါတယ်။ ဒါကြောင့် ပြောချင်တာက ကျွန်တော်တို့ရဲ့ ညီရင်းအစ် ကိုတိုင်းရင်းသားအားလုံး အနေနဲ့ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်အတွက် စဉ်းစားကြသလို မြန်မာဆိုတဲ့ ကိုယ့်အမိမြေ ပြည်ထောင်စုကြီးဘက်ကလည်း ရပ်တည်ပေးပါ။ ကိုယ့်လူမျိုးအရေး ဦးစားပေးသကဲ့သို့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေးနဲ့ အမျိုးသား အကျိုးစီးပွားကိုလည်း ကြည့်ပေးပါ။ ကိုယ့်အတွက် ဦးစားပေးစဉ်မှာ ကိုယ့်မျိုးဆက်သစ်တွေရဲ့ အနာဂတ် မကင်းမဲ့ဖို့လည်း စဉ်းစားပေးပါ။ မကြည့်တတ်၊ မစဉ်းစားနိုင်ရင် ယုံကြည်မှုတွေ ပျောက်ဆုံးသွားရင် လူမျိုးပျောက်ပြီး နိုင်ငံပါပျောက်သည်အထိ ပေးဆပ်မှု ကြီးမားသွားနိုင်တယ်ဆိုတာ အထူးသတိချပ်ဖို့လိုပါတယ်။

## စာနာနားလည်မှုတရားနှင့် ဖွံ့ဖြိုးမှုအမြင်

အနည်းဆုံးတော့ ကိုယ်နေတဲ့ဒေသက ကိုယ့်တိုင်းရင်းသားလူမျိုးအပေါ်မှာ အမျိုးချစ်တဲ့ မျိုးချစ်တဲ့စိတ်၊ မေတ္တာစိတ်၊ ကိုယ့်နေရပ်၊ ကိုယ့်အိမ်ကိုစွန့်ခွာ စစ်ရှောင်ဘဝနဲ့ ဆင်းရဲဒုက္ခရောက်နေရတဲ့ ကိုယ့်လူမျိုးတွေအပေါ်မှာ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်လေး ထားနိုင်ရင်ကို ကွာဟချက်တွေ ကျဉ်းမြောင်းသွားမယ်၊ ပဋိပက္ခတွေလျော့ကျပြီး ငြိမ်းချမ်းမှုရမယ်လို့ ဆိုချင်ပါတယ်။ ဒီအပေါ်မှာ ပြည်သူ့အားလုံးပါဝင်ရမယ့် ဖွံ့ဖြိုးမှုဆိုတဲ့ အမြင်နဲ့ပါ ပေါင်းစပ်လိုက်ရင်တော့ ဒေသတစ်ခုဟာ တည်တည်ငြိမ်ငြိမ်နဲ့တစ်မဟုတ်ချင်းတိုးတက်သွားမယ်ဆိုတာ သေချာပါတယ်။

အထူးကဏ္ဍ [ ဃ ] သို့ »»

> ‘ယုံကြည်မှုရဲ့ဆန့်ကျင်ဘက်က စိုးရိမ်မှုပါ၊ အဆိုးဘက်ဦးလှည့်သွားနိုင်ပါတယ်။ ဒါကြောင့် ပြောချင်တာက ကျွန်တော်တို့ရဲ့ ညီအစ်ကိုတိုင်းရင်းသားအားလုံး အနေနဲ့ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်အတွက် စဉ်းစားကြသလို မြန်မာဆိုတဲ့ ကိုယ့်အမိမြေ ပြည်ထောင်စုကြီးဘက်ကလည်း ရပ်တည်ပေးပါ။ ကိုယ့်လူမျိုးအရေး ဦးစားပေးသကဲ့သို့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားရေးနဲ့ အမျိုးသား အကျိုးစီးပွားကိုလည်း ကြည့်ပေးပါ။ ကိုယ့်အတွက် ဦးစားပေးစဉ်မှာ ကိုယ့်မျိုးဆက်သစ်တွေရဲ့ အနာဂတ်မကင်းမဲ့ဖို့လည်း စဉ်းစားပေးပါ။ မကြည့်တတ်၊ မစဉ်းစားနိုင်ရင် ယုံကြည်မှုတွေပျောက်ဆုံးသွားရင် လူမျိုးပျောက်ပြီး နိုင်ငံပါပျောက်သည်အထိ ပေးဆပ်မှုကြီးမားသွားနိုင်တယ်ဆိုတာ အထူးသတိချပ်ဖို့လိုပါတယ်။’

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။

»» အထူးကဏ္ဍ [ ဂ ] မှ

**ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားတွေ တိုးတက်ဖို့အတွက် အတ္တ၊ မာန၊ အစွဲတွေ နေရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စိတ်ဓာတ်တွေ အစားထိုးပြီး ယုံကြည်မှုနဲ့ နားလည်မှုတွေသာ ကိန်းအောင်းလာမယ် ဆိုရင် စည်းလုံးညီညွတ်မှုကိုတည်ဆောက်ဖို့ မခဲယဉ်းတော့ဘူးလို့ ထင်ပါတယ်။ တစ်ဦးနဲ့တစ်ဦးရဲ့ ယုံကြည်နားလည်မှုတွေသာ ရင်ထဲနှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်သွားပြီဆိုရင်တော့ ဘယ်လိုမှ သွေးခွဲဖျက်ဆီးလို့မရတော့တဲ့ သွေးစည်းမှုအဆင့်ထိ ဦးတည်သွားပါတယ်။ လိုချင်တာက စည်းလုံးမှုတစ်ခုတည်း မဟုတ်၊ ခိုင်မာမြဲမြံတဲ့သွေးစည်းညီညွတ်မှုအထိ တည်ဆောက်ချင်တာဖြစ်ပါတယ်။**

**အပြောမဟုတ်၊ အလုပ်နှင့်သက်သေပြရမည့်အချိန်**

မည်သို့ပင်ဆိုစေ ယခုအချိန်ဟာ ပဋ္ဌိပက္ခတွေကြားထဲက ငြိမ်းချမ်းရေးအတွက် ခြေလှမ်းအသစ်တွေ စတင်နေတဲ့ အချိန်ပါ။ အားလုံးဟာ ပြည်ထောင်စုကြီး ထာဝရ ငြိမ်းချမ်းစည်းလုံးရေးအတွက် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးသင့်နေပါပြီ။ ငြိမ်းချမ်းရေးကို အပြောမဟုတ်၊ အလုပ်နဲ့သက်သေပြရမယ့် အချိန်ပါ။ ငြိမ်းချမ်းရေးတွင်တွင်ပြောပြီး တစ်ဖက်တည်းကို အပြစ်ဖို့၊ ဗီလိန်လုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ရမယ့်အချိန် မဟုတ်ပါဘူး။

ဥပဒေကို လေးစားကြရပါမယ်။ အပြန်အလှန်ချုပ်ဆိုထားတဲ့ သဘောတူညီချက်တွေကို တန်ဖိုးထားလေးစားလိုက်နာရပါမယ်။ အပြုသဘောဆောင်ကြရပါမယ်။ ယနေ့ဖြစ်ပေါ်နေရတဲ့ အခင်းအကျင်းတွေဟာ ယခင်က ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ကြလို့ဆိုတဲ့ အချက်ကို သင်ခန်းစာယူနိုင်ရပါမယ်။ အချိုးအကွေ့များလှတဲ့ ပစ္စုက္ခကာလအရေးအရာများမှာ ပါဝင်နေသူအားလုံး၊ ပတ်သက်နေသူအဖွဲ့အားလုံး စေတနာမပါ ကိုယ့်တာဝန်ကိုယ်မကျေပွန်ကြရင် အနာဂတ်မျိုးဆက်တစ်ဆက်စာမက နှစ်ဆက်စာလောက် အာဃာတအမုန်းတရားတွေ ချန်ထားခဲ့တဲ့ တရားခံတွေ ဖြစ်သွားပါလိမ့်မယ်။

စိုးရိမ်သောကတွေ တသီကြီးနဲ့၊ စစ်ကိုမလိုလားတဲ့ တိုင်းရင်းသားပြည်သူတွေအတွက် ရန်လိုမှုတွေခေတ္တရပ်၊ လူသတ်လက်နက်တွေ ခဏသေးထားပြီး စားပွဲဝိုင်းမှာ ခေါင်းချင်းဆိုင် စေတနာမှန်မှန်နဲ့ အဖြေရှာဆွေးနွေးရမယ့် အချိန်ရောက်နေပါပြီ။ ပြည်ထောင်စုကြီး တည်ငြိမ်ဖွံ့ဖြိုးပြီး ထာဝရငြိမ်းချမ်းရေးရစေချင်တဲ့ တိုင်းရင်းသားစစ်စစ်အားလုံးရဲ့ မျှော်လင့်ချက်အတွက် အချိန်ရှိခိုက် လုံ့လစိုက် ကြိုးပမ်းအားထုတ်ကြဖို့သာ လိုပါတော့တယ်။

ကျွန်တော်တို့လက်ထက်မှာ ရှည်ကြာနေတဲ့ အမုန်းသံသရာကို မှန်ကန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဖြတ်တောက်ပစ်ပြီး အနာဂတ်မျိုးဆက်သစ်တွေအတွက် ကမ္ဘာ့အလယ်မှာ လက်မထောင်နိုင်မယ့် ပြည်ထောင်စုစိတ်ဓာတ်အမွေစစ်စစ်ကိုသာ လက်ဆင့်ကမ်းပေးနိုင်ကြဖို့ အထူးအရေးကြီး လိုအပ်နေပြီဖြစ်ပါကြောင်း မီးမောင်းထိုးရေးသားတင်ပြလိုက်ရပါတယ်။

**ဒီလိုအချင်းချင်း မညီညွတ်ဘဲ ရန်ဖြစ်နေ၊ သတ်ဖြတ်နေကြတာကိုက ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေလိုချင်တဲ့ အန္တိမရည်မှန်းချက်ဆိုတာ မြင်ရပါမယ်။ ပွဲလန့်တုန်း ဖျာထခင်းသူနဲ့ အစကတည်းက နိုင်ငံကို တစ်စစီပြိုကွဲပျက်စီးစေချင်တဲ့ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းတွေ၊ လက်ဝါးချင်းရိုက် စည်းဝါးကိုက်ပြီး ပြည်ထောင်စုကြီးကို ဖြိုခွဲလိုသူတွေရဲ့ အကြံအစည်တွေကို ရိပ်မိဖို့၊ သိနားလည်ကြဖို့ အချိန်တန်ပြီလည်း ဖြစ်ပါတယ်။**

## ချစ်ပန်းတဝေဝေ

တောင်ပေါ်မှာ တဝေဝေ
မြေပြန့်က ပန်း။
တောင်ပေါ်သူ မေတ္တာလက်
မွှေးဆက် အနမ်း။
မြေပြန့်မှာ တပျော်ပျော်
တောင်ပေါ်က ပန်း။
မြေပြန့်သူ မေတ္တာလက်
မွှေးဆက် အနမ်း။
ချစ်ကြည်ရေး ပန်းနှစ်သွယ်
မေတ္တာနယ် ရှင်ကြည်နူး။
အလှကိုယ်စီဆင်လို့
အယဉ်ကိုယ်စီသုံး
မုန်းဝံ့ပါဘူး။
မလေးတို့ ပန်တော်မူ
ချစ်ကြည်ဖြူအပြုံး။
မေတ္တာကိုယ်စီ ဖျန်းလို့
မှာတမ်းကိုယ်စီဆက်
ဆယ်သက် မမုန်း။
ပြည်ထောင်စု စေတနာ
ဝေဖြာတဲ့ အလှ။
ရွှေလက်ကိုယ်စီ တွဲလို့
အောင်ပွဲကိုယ်စီ မြန်း
ပန်း ချစ်နှမ။ ။

**တက်လူ**

(၇၅)နှစ်မြောက်
စိန်ရတုပြည်ထောင်စုနေ့ကို
ဂုဏ်ပြုလျက်။